မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဥ္စ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၂၂)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၆ ရက်၊ ကြာသပတေးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ–ရုရှား စီးပွားရေးဖိုရမ်ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖြည့်စွက်အမှာစကားပြောကြား

## မဟာဗျူဟာကျသည့် ပင်လယ်ထွက်ပေါက်အဖြစ် ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်တည်ထောင်နိုင်ရန် ရုရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုကို ခြေလှမ်းသစ်စတင်နိုင်တဲ့အတွက် များစွာအားရကျေနပ်မိ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ–ရုရှားစီးပွားရေးဖိုရမ်၌ ဖြည့်စွက်အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် Myanmar Airways International (MAI)၊ Roscongress Foundation၊ Fund RC–Investments၊ Russia–ASEAN Business Council နှင့် Russia – Myanmar Business Council တို့ ပူးပေါင်းကျင်းပသည့် မြန်မာ–ရုရှားစီးပွားရေးဖိုရမ်အား ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မော်စကိုမြို့၊ Radisson Collection ဟိုတယ်ရှိ Business Hall ၌ကျင်းပပြုလုပ်သည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ ★**



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၆ ရက်)

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုတိုးပွားရေးဖော်ဆောင်မည့်ခရီးစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကိုစောင့်ထိန်းသည်။ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသောနိုင်ငံရေးစနစ်မှာ စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ဆက်ဆံရာတွင် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံသောစိတ်ဖြင့်ဆက်ဆံလျက်ရှိသည်။

မြန်မာနှင့်ရုရှားနှစ်နိုင်ငံ၏မိတ်ဆွေရင်းချာဆက်ဆံရေးမှာ ၁၉၄၈ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် မြန်မာ-ရုရှားနှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မြန်မာ-ရုရှားဆက်ဆံရေးမှာ(၇၇)နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် နယ်မြေအကြီးမားအကျယ်ပြန့်ဆုံးနိုင်ငံတစ်ခုဖြစ်သည်။ ဥရောပနှင့်အာရှတိုက်တို့ကို ဆက်စပ်တည်ရှိနေသည့်နိုင်ငံဖြစ်ပြီး နိုင်ငံ၏ဧရိယာအများစုမှာ အာရှတိုက်တွင်တည်ရှိနေသည်။ လက်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင် တာဝန်ယူထားသည့်ကာလများအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် အလွန်တိုးတက်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုအဖြစ်သို့ရောက်ရှိလာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ မတ်လ ၃ ရက် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစတင်ထွက်ခွာသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အကြီးအကဲအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လွှတ်တော်ဥက္ကဋ္ဌများနှင့်တွေ့ဆုံဆွေးနွေးခြင်းများအပါအဝင် ရုရှားအစိုးရအဖွဲ့မှတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါချစ်ကြည်ရေးခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများလိုက်ပါခဲ့ကြသည်။ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့်ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင်ဆွေးနွေးကြမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၃ ရက် ဒေသစံတော်ချိန်ညနေပိုင်းတွင် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိသည်။ လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့်နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့် အစဉ်အလာနှင့်အညီဂုဏ်ပြုကြိုဆိုခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် မတ်လ ၄ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ သီးခြားတွေ့ဆုံဆွေးနွေးကြသည်။ မြန်မာ-ရုရှားနှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ ယခုတွေ့ဆုံမှုသည် ဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကိုဦးဆောင်ကာ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၄ ရက်မှ ၁၁ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည်။ ထိုခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် စက်တင်ဘာလ ၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ကြောင့် ယခုတွေ့ဆုံမှုသည် ဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေသည်။

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးမှုရှိသည့်နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံသည် ရှေးသမိုင်းအစဉ်အလာကတည်းကပင် အေးအတူပူအမျှနေထိုင်ခဲ့ကြသည်။ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံအတွက် များစွာအကျိုးရှိသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့်အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်အကြီးအကဲ၏ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကိုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာနှင့်ရုရှားတို့၏ နှစ်နိုင်ငံချစ်ကြည်ရေးမှာ ထာဝရခိုင်မြဲနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခု ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ဇေယျာသီရိမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် သရုပ်ပြပွဲကို မတ်လ ၅ ရက်နံနက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ပစ္စည်းဖြည့်တင်းရေးဌာန ပေါင်းလောင်းစတိုဝင်းအတွင်း၌ ကျင်းပကြောင်းသိရသည်။

အခမ်းအနားတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ပစ္စည်းဖြည့်တင်းရေးဌာန အထွေထွေမန်နေဂျာ ဦးအောင်သွင်က အဖွင့်အမှာစကားပြောကြားပြီး ဥတ္တရခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်က မီးဘေးအန္တရာယ်လုံခြုံကာကွယ်ရေး အသိပညာပေးဆွေးနွေးရခြင်းရည်ရွယ်ချက်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြှိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစားခွဲခြားခြင်းများ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိကအကြောင်းရင်းများ၊ လျှပ်စစ်ဝိုင်ယာရှော့ခ်မဖြစ်အောင် ကာကွယ်ရမည့်နည်းလမ်းများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် လက်တွေ့မီးငြှိမ်းသတ်ခြင်းလေ့ကျင့်မှုများကို ဇေယျာသီရိမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးမင်းသူကဦးဆောင်၍ ရိုးရိုးမီး၊ ဆီမီး၊ Gas မီးလောင်မှုများကို လက်တွေ့ငြှိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်ဖြင့် လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြသ၍ ဆောင်ရွက်ခြင်းများကို ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ပစ္စည်းဖြည့်တင်းရေးဌာန အထွေထွေမန်နေဂျာ ဦးအောင်သွင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ချစ်မိုးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ပစ္စည်းဖြည့်တင်းရေးဌာနပေါင်းလောင်းစတိုဝင်းအတွင်းမှဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(၄၁၃)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၆-၃-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘီလာရုစ်နိုင်ငံသမ္မတ မစ္စတာ လူကာရှန်းကော့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် (Official State Visit) အဖြစ် ဘီလာရုစ်သမ္မတနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် မတ် ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘီလာရုစ်နိုင်ငံသမ္မတ မစ္စတာ လူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ်အတွင်း ဘီလာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်မည်ဖြစ်သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ဘီလာရုစ်နိုင်ငံသမ္မတ မစ္စတာ လူကာရှန်းကော့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘီလာရုစ်နိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘီလာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအပါအဝင် ဘီလာရုစ်နိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေး၍ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေးစီးပွားရေး လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါချစ်ကြည်ရေးခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အစိုးရအဖွဲ့ဝင်အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)

# မြန်မာအလုပ်သမား ၂၄ ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်နိုင်ရန်အတွက် Pilot Project ဖြင့် စေလွှတ်

ရန်ကုန် မတ် ၅

အလုပ်သမားဝန်ကြီးဌာနသည် မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် မြန်မာနိုင်ငံမှ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အသစ်များ ရှာဖွေနိုင်ရေး ရှေးရှု၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ရန်နှင့် လုပ်ခလစာပိုမိုကောင်းမွန်သည့် နိုင်ငံများသို့ လုပ်သားစေလွှတ်ခြင်းဖြင့် လုပ်သားဈေးကွက် တိုးချဲ့ရှာဖွေနိုင်ရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ Pilot Project ဖြင့် စေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီဖြစ်သည့် Vista International Co., Ltd. ၏ အစီအစဉ်ဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Joint-Stock Company "Inturd" Co.,Ltd. သို့ ကျွမ်းကျင်မြန်မာလုပ်သား ၅၄ ဦးအနက် ကနဦးအစီအစဉ်ဖြင့် လုပ်သား ၂၄ ဦးအား Pilot Project စေလွှတ်နိုင်ရေးအတွက် ဖေဖော်ဝါရီလ ၂၈ ရက်တွင် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ မတ်လ ၃ ရက်တွင် ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း သင်ကြားပို့ချခြင်းနှင့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ပေးခြင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ Pilot Project အဖြစ် စနစ်တကျစေလွှတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အလုပ်သမားနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ကြီးဌာနတို့အကြား အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ MoU လက်မှတ်ရေးထိုးရခြင်း မရှိသေးသော်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုရှေးရှု၍ Pilot Project ဖြင့် စေလွှတ်ခြင်းဖြစ်ပြီး အနာဂတ်တွင် အလုပ်သမားဈေးကွက်ရရှိ၍ အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ အလုပ်သမားနှင့် မိသားစုဝင်များ၏ လူမှုစီးပွားဘဝ ကောင်းမွန်တိုးတက်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာ၌ ရုရှားနေကြာမျိုးများ ခူးဆွတ်ရိတ်သိမ်းနေမှု ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုအားပေး



နေပြည်တော် မတ် ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အုန်းပင်စုကျေးရွာသို့ သွားရောက်၍ ကျေးရွာသူ ကျေးရွာသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒုတိယဝန်ကြီးက ကျေးရွာကုန်ထုတ်လမ်း ဆောင်ရွက်ပေးထားပြီးဖြစ်၍ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ နေကြာအပါအဝင် ဆီထွက်သီးနှံများ စိုက်ပျိုးရေး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပေါ်များရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းသင်တန်းများ ဖွင့်လှစ်ပေးရေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မဲခေါင်-လန်ချန်နိုင်ငံများအကြား ကျေးရွာအဆင့်ဆင်းရဲမှုလျှော့ချရေး စီမံကိန်းလုပ်ငန်းများဖြစ်သော Home Garden စိုက်ခင်းများကိုလည်းကောင်း၊ ပေ ၃၈၀၀ ကုန်ထုတ်လမ်းဖောက် လုပ်ပြီးစီးမှု ကိုလည်းကောင်း၊ ရေပါလန် ၂၄၀၀ ဆံ့ အမြင့်ရေစင် တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ Green House စနစ်၊ Net House စနစ်ဖြင့် စိုက်ပျိုးထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာသို့ သွားရောက်၍ ဝါးခယ်မ မြောင်းမြ အိမ်မဲမြို့နယ်တို့မှ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကာ လာမည့်နေကြာစိုက်ရာသီ၌ ရေဆင်းမျိုး-၁ နေကြာမျိုးအပြင် အထွက်နှုန်းကောင်းသော ရုရှားနေကြာမျိုးများကိုလည်း စိုက်ပျိုးသွားကြရေး မှာကြားပြီး နေကြာစိုက်တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကြာဖြူကျေးရွာရှိ ရွှေကြာဖြူ (၁) စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ တောင်သူဦးဝင်းဘိုး၏ လယ်ယာမြေတွင် စမ်းသပ်စိုက်ပျိုးထားသော ရုရှားနေကြာမျိုးများဖြစ်သည့် **အန်တူတာအော်** (ANTUTA OR)၊ **ဗော်ကန်အော်**(VULKAN OR)၊ **ဂျိုယာ**(JOYA)၊ **ဟစ်ပိုလိုက်**(HIPPO LIKE)၊ **မာဟွမ်ကေအယ်လ်ပီ** (MAHAON KLP)၊ **စဗျက်တလာနာကေအယ်လ်ပီ** (SVETLALA KLP) မျိုး ခြောက်မျိုးခူးဆွတ်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကြာဖြူကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၁၃၂၀ ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် မတ် ၅

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Tharaphu Soe Myint Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Avatr အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် China Auto Group Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် JMC JMEV EVEASY အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်သည် ကိုကျော်အား လှမ်းကြည့်လိုက်ရာ ပြုံးပြုံးကလေးရှိသော သူ၏မျက်နှာထားတွင် ကျွန်ုပ်အား စိတ်ဝင်စားရုံသာမက အတော်ကျေနပ်ဟန်ရှိသောအမူအရာကို တွေ့ရ၏။ ပရိယာယ်မသုံးတတ်ခြင်းတွင် ကျွန်ုပ်နှင့် တူလိမ့်မည်ဟူ၍လည်း အကဲခတ်မိ၏။ တခြားလူများ၏ထင်မြင်ချက်ကို လုံးဝဂရုမစိုက်ဟု မဆိုနိုင်သော်လည်း ဂရုစိုက်မှုနည်းပါးခြင်း၌ ကျွန်ုပ်နှင့်တူလိမ့်မည်ဟူ၍လည်း ထင်မိ၏။ လူ့လောကတွင် မိမိနှင့်ထိုက်တန်သောနေရာကို မရရှိဟူ၍ သူ့ကိုယ်သူ အထင်ရောက်လျက်ရှိခြင်းကိုလည်း ကျွန်ုပ်ရိပ်မိ၏။ (ကျွန်ုပ်မူကား ထိုစဉ်က ယင်းအထင်မျိုး မကပ်သေးသည့်ပြင် နောင်တွင်လည်း ဤအတွက်ကြောင့် သူတစ်ပါးအပေါ်၌ အပြစ်တင်ချင်သောစိတ်မျိုး ဖြစ်ခဲလှသည်ဟု ထင်ပါသည်။) ထိုခေတ်တွင် ရန်ကုန်မြို့၌ အသက် ၂၀ ကျော်အရွယ်များသာ ပတ်ပေါင်း(ဘီအေပေါင်း) ပေါင်းကြ၍ ထို့အထက်လူများမှာ အုပ်ပေါင်းခေတ်ဖြစ်နေသော်လည်း အသက် ၃၀ ထက်မနည်းရှိရမည့် ကိုကျော်မှာမူ 'ဘီအေပေါင်း'မဟုတ်သည့် ပတ်ပေါင်းရိုးရိုးဖြင့်သာ တော်တော်လေးသပ်ရပ်စွာပေါင်းထား၏။ သူရိယတစ်တိုက်လုံး (ကျွန်ုပ်အပါအဝင်) စာရေးများမကျန် အုပ်ပေါင်းနှင့် ဂိုက်ထုတ်လျက်ရှိကြသော ထိုခေတ်တွင် ပုသိမ်ထီးကို ချိုင်းတွင်ညှပ်ထားလျက် ကွင်းထိုးခုံဖိနပ်လျှိုကာ ပတ်ပေါင်းရိုးရိုးလေးနှင့် ဆေးပေါ့လိပ်ခဲလျက် အလုပ်တက်လေ့ရှိသော ကိုကျော်မှာ လူဆန်းတစ်ယောက်လိုဖြစ်နေ၏။ ရန်ကုန်သို့ရောက်ခါစဖြစ်၍ အဝတ်အစားတွင် သူတစ်ပါးထက် နောက်မကျရလေအောင် ကြိုးစားနေရသောကျွန်ုပ်မှာ ကိုကျော်ကိုမြင်ရ၍ အားလည်းရှိသည်။ သဘောလည်းကျလှပါသည်။

**ပြောပုံ ဆန်းလှခြင်း**

စားပွဲတွင် အတူထိုင်မိလျှင်ထိုင်မိချင်း ကိုကျော်က မြန်မာဝတ္ထုများအကြောင်းနှင့်ပတ်သက်၍ သူရိယတိုက်သို့ ကျွန်ုပ် အင်္ဂလိပ်လိုရေးပို့ဖူးသော စာတစ်စောင်ကို သူဖတ်လိုက်ရကတည်းက ကျွန်ုပ်အပေါ်၌ အထင်ကြီး၍ လူချင်းတွေ့လိုကြောင်း၊ သတင်းစာ၌ တစ်ရက်ခြားထည့်လျက်ရှိသော ရတနာပုံဝတ္ထုကိုလည်း သူဖတ်၍ သဘောကျကြောင်း၊ သူလည်း 'ဘီအေမောင်တင့်နှင့်ကချေသည် မယ်မြင့်' ဝတ္ထုတစ်ပုဒ်ရေးဖူးကြောင်း စသည်ဖြင့် ပြောလေရာ ဤမျှနှင့်ပင် ကျွန်ုပ်သည် ကိုကျော်နှင့် အတော်ကြီးရင်းနှီးသွားခဲ့လေပြီ။ ကျွန်ုပ်ကလည်း သူရိယခေါင်းကြီးများကို (ရတနာပုံဝတ္ထုထည့်ကတည်းက အလကားရ၍) ဖတ်လာခဲ့ရာ ၎င်းတို့မှာ ကိုကျော်၏လက်ရာဖြစ်ကြောင်း ယခုသိရ၍ ချီးကျူးပါကြောင်း၊ မိမိမှာ ဝတ္ထုနှစ်ပုဒ်ရေးခဲ့ဖူးသော်လည်း သတင်းစာခေါင်းကြီးများ ရေးဖို့ဆိုလျှင် အိပ်မက်မျှပင် မမက်ဝံ့ကြောင်းပြောပြလေရာ သူကလည်း သဘောကျပုံရသည်။ နေ့လယ် လက်ဖက်ရည်သောက်ဆင်းချိန်တွင် ကိုကျော်သည် ကျွန်ုပ်အား အိမ်သို့ခေါ်သွား၍ သူ၏ဇနီးနှင့် မိတ်ဆက်ပေးပြီးနောက် အင်္ဂလိပ်စာအုပ်များအကြောင်းကို ဆွေးနွေးကြလေရာ ကျွန်ုပ်၏ စာဖတ်စုံခြင်းကို ချီးမွမ်း၍ သူကိုယ်တိုင်မှာ အသင့်အတင့်မျှလောက်သာ ဖတ်ဖူးကြောင်း ဝန်ခံလေသည်။ သူ၏ အင်္ဂလိပ်စကားပြောပုံကို ကျွန်ုပ်ကြားရသည်နှင့် ထိုဝန်ခံချက်သည် နှိမ့်ချခြင်းဖြစ်သည်ဟု ထင်မိသော်လည်း နောင်တွင် တကယ်ပြောခြင်းဖြစ်သည်ဟု ကျွန်ုပ် သိရသည်။

ကိုကျော်၏ အင်္ဂလိပ်အသံထွက်များမှာ တော်တော်လန့်လောက်၏။ မြန်မာတစ်ယောက်ပြောသော အသံထွက်နှင့်ပင် မတူချေ။ ကျွန်ုပ်သည် အင်္ဂလိပ်စကားလုံးများမှန်ကန်အောင် အသံထွက်တတ်ဖို့ လေ့ကျင့်ထားသော်လည်း မြန်မာတစ်ယောက်က ပီပီသသထွက်သော အသံမျိုးမျှသာဖြစ်လေရာ ကိုကျော်၏အသံထွက်မူကား ဘောင်းဘီဝတ်တစ်ယောက်၏ အသံနေအသံထားမျိုးဖြစ်နေ၍ ကျွန်ုပ်လန့်မိခြင်းဖြစ်၏။ လူချင်းရင်းနှီးလာသောအခါ၌ ဤအကြောင်းကို စုံစမ်းကြည့်သည်မှ ပြင်သစ် (ဘရင်ဂျီ) ဘုန်းကြီးလုပ်ခဲ့ဖူး၍ ပြင်သစ်ဘုန်းကြီးများနှင့်အတူ နှစ်ပေါင်းများစွာနေခဲ့ဖူးကြောင်း၊ လက်တင်ဘာသာလည်းတတ်ကြောင်း သိရလေသည်။ ကိုကျော်၏ အင်္ဂလိပ်စကားပြောပုံမှာ ကျွန်ုပ်၏သူငယ်ချင်း (ဘိလပ်ပြန်) ကိုခင်မောင်တင့်ကဲ့သို့ ဗိုလ်ဆန်ခြင်းမျိုးမဟုတ်ဘဲ ပြင်သစ်ဘုန်းကြီးများနှင့် ငယ်စဉ်က အကြာကြီးနေဖူးခြင်းကြောင့် လျှာတစ်မျိုးဖြစ်နေခြင်းဖြစ်လေသည်။ များမကြာမီ ကိုကျော်သည် ဂျပ်ဆင်ကောလိပ်တွင် လက်တင်ဘာသာပြဆရာအလုပ်ကို လျှောက်ထား၍ ရရှိသဖြင့် သူရိယတိုက်မှ ထွက်သွားလေ၏။ သို့ရာတွင် သူနှင့် ကျွန်ုပ်၏ ခင်မင်မှုမှာ အဆက်မပြတ်လှဘဲ ၁၉၃၈ ခုနှစ်၌ သူသေသည့်အထိ ရင်းနှီးစွာရှိခဲ့ကြလေသည်။

**ဆရာလွန်း၏ ချီးကျူးချက်**

ဖေဖော်ဝါရီလ ၁ ရက်တွင် ကျွန်ုပ် မဂ္ဂဇင်းအယ်ဒီတာဖြစ်လာသောအခါ သူရိယသည် လေးထပ်တိုက်ကြီး၌ အောက်ဆုံးတစ်ထပ်ကိုသာ ငှားနိုင်သေးသည်ဖြစ်၍ လုပ်သားနှင့် နေရာမမျှအောင် ကျဉ်းကျပ်သည့်အတွက်ကြောင့် ဆရာလွန်းနှင့် ကျွန်ုပ်တို့အတွက် စားပွဲတစ်ခုတည်းသာ နေရာပေးနိုင်လေသည်။ ဤတွင် ကျွန်ုပ်တို့နှစ်ယောက်သည် နေ့တိုင်း မျက်နှာချင်းဆိုင်ထိုင်ကြ၍ ထွေရာလေးပါး စကားပြောခွင့်ရကြ၏။ ဆရာလွန်းသည် ကျွန်ုပ်အား မန္တလေးသားဆိုကတည်းက စိတ်ဝင်စားသည့် လက္ခဏာရှိပေရာ ကျွန်ုပ်ကလည်း နှုတ်ခမ်းမွေးရေးရေးနှင့် အမြဲကွမ်းစားလေ့ရှိသဖြင့် 'အညာဂိုက်' ရှိသော ဤလူကြီးအား မြင်လျှင်မြင်ချင်း ကြည်ညိုမိပါသည်။ ဆရာလွန်းမှာ ကျွန်ုပ်ထက် အသက် ၁၄ နှစ်ကြီး၍ ထိုစဉ်က ၄၂ နှစ်ရှိပြီဖြစ်ရာ အသက် ၄၀ ကျော်လျှင် ရောမလူကြီးတစ်ယောက်ဟူ၍ ထင်ခဲ့မိသော ကျွန်ုပ်၏မျက်စိ၌ အတော်ကြီးရင့်ပြီဟု အောက်မေ့ခဲ့ပါသည်။ ဆရာလွန်းကလည်း ကိုကျော်နည်းတူ ကျွန်ုပ်နှင့် ရေစက်ပါသည့်လက္ခဏာနှင့် သူ၏ တိုက်ခန်းသို့ခေါ်သွား၍ နေ့လယ်ခင်းများတွင် သူ၏ တိုက်ခန်း၌ တစ်ရေးတစ်မောအိပ်ကာ အပန်းဖြေဖို့ အမြဲဖိတ်ကြားထားပါသည်။ ကျွန်ုပ်သည် ဆရာလွန်းနှင့်လည်းကောင်း၊ ကိုကျော်နှင့်လည်းကောင်း ရေစက်ပါသော်လည်း ၎င်းတို့နှစ်ယောက်မူကား ရင်းနှီးကြဟန်မတူချေ။ သူတို့နှစ်ယောက်အကြောင်းနှင့်ပတ်သက်၍ ကိုကျော်ပြောဖူးသောစကားတစ်ခွန်းကို ကျွန်ုပ်မှတ်မိ၏။ တစ်နေ့သ၌ သူတို့နှစ်ယောက်သည် မြန်မာစာပေအကြောင်းကို ဆွေးနွေးလျက်ရှိစဉ် ကိုကျော်ပြောလိုက်သောစကားတစ်လုံးကို ဆရာလွန်းက အဓိပ္ပာယ်အယူအဆလွဲသည့် လက္ခဏာနှင့် 'ဟေ့ မောင်ကျော်၊ ဆရာက မြန်မာပြည်မှာ ကိုယ့်ကိုယ်ကိုယ် ဒိတ်ထားတဲ့ လူတစ်ယောက် မောင်ရ၊ ဘာမှတ်လို့လဲ'ဟု ဣန္ဒြေနှင့်ပြောဖူးသည် ဆို၏။ ဟုတ်ပုံလည်းရသည်။ ထိုသူနှစ်ယောက်သည် ကျွန်ုပ်ရှေ့၌ အကျွမ်းတဝင်ရှိကြခြင်းကို ကျွန်ုပ် မမြင်ခဲ့ရဖူးပေ။ ဆရာလွန်းနှင့် ကျွန်ုပ်မူကား သူရိယတိုက်သားများအဖြစ်နှင့်လည်းကောင်း၊ တစ်သက်လုံးတွင်လည်းကောင်း ဆက်ဆံရေးတွင် အဖုအထစ်မရှိ၊ ပြေပြေပြစ်ပြစ်ရှိခဲ့ပါသည်။ သို့နှင့်လည်း ဆရာလွန်းသည် ကျွန်ုပ်အား ဂျာနယ်များတွင် လေးချိုးဖြင့် ကလိသော အလုံးကလေးများကို မှတ်မိ၍ သက်ဆိုင်သောနေရာတွင် ဖော်ပြပါဦးမည်။ သူရိယမဂ္ဂဇင်းကြီးအတွက် ခေါင်းကြီးများမှာ ဦးလှဖေက အကြောင်းအရာကိုပြောပြ၍ ဆရာလွန်းက သူရေးနေကျဖြစ်သော စကားပြေမျိုးဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆန့်၍ရေးထုတ်လိုက်သောအခါ စာမျက်နှာနံပါတ်အတော်များလာ၏။ ဆရာလွန်း၏ စကားပြေရေးနည်းမှာ ဦးဩဘာသ၏ ဇာတ်ကြီးဆယ်ဘွဲ့ ရေးနည်းမျိုးကဲ့သို့ ကာရန်လေးတွေငဲ့ကာငဲ့ကာ ရေးခြင်းကြောင့် ဖတ်၍ အလွန်ချောမောသော်လည်း မဂ္ဂဇင်းအတွက် ရှည်လွန်းသကဲ့သို့ဖြစ်နေ၏။ ဤတွင် ဦးလှဖေသည် ကျွန်ုပ်ကိုခေါ်၍ ခေါင်းကြီးသုံးပုဒ်ကို တစ်ဆက်တည်း တောက်လျှောက်ပြောပြီး ရေးခိုင်း၏။

**ဆက်လက်ဖော်ပြပါမည်။**




---

# ဟိုပုံးမြို့နယ် မြို့မဈေး၌ ပလတ်စတစ်အန္တရာယ် မီးခိုးမြူငွေ့အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် Recycle Bag များ အခမဲ့ဖြန့်ဝေ

ဟိုပုံး မတ် ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ပလတ်စတစ်အန္တရာယ်၊ မီးခိုးမြူငွေ့အန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် Recycle Bag များ အခမဲ့ဖြန့်ဝေခြင်းကို မတ်လ ၅ ရက်တွင် ဟိုပုံးမြို့နယ် မြို့မဈေး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပလတ်စတစ်အသုံးပြုမှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့အန္တရာယ်တားဆီးကာကွယ်ရေးနည်းလမ်းများကို ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသည့် ပြည်သူများအား အသိပညာပေးရှင်းလင်းပြောကြားကာ Recycle Bag များ အခမဲ့ဖြန့်ဝေပေးသည်။

ထို့ပြင် ပလတ်စတစ်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ ပလတ်စတစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းမရှိသောကြောင့် ဖြစ်ပေါ်လာသောနောက်ဆက်တွဲဆိုးကျိုးများ၊ ပလတ်စတစ်အပါအဝင် စွန့်ပစ်အမှိုက်များ၏ ပျက်စီးရန်ကြာချိန်၊ ပလတ်စတစ်အမှိုက် လျှော့ချရမည့်နည်းလမ်းများ၊ ငြင်းပယ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ မီးခိုးမြူငွေ့၏အဓိပ္ပာယ်၊ မီးခိုးမြူငွေ့ဖြစ်ပေါ်မှုနှင့် အဓိကအကြောင်းရင်းများ၊ မီးခိုးမြူငွေ့များတွင် ပါဝင်သော လေထုညစ်ညမ်းစေသည့်အရာများ၊ ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းများ၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးနည်းလမ်းများ စသည့်အကြောင်းအရာများပါဝင်သော ပလတ်စတစ်အန္တရာယ်၊ မီးခိုးမြူငွေ့အန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှား-အာဆီယံ စီးပွားရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့

နေပြည်တော် မတ် ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ်လ ၄ ရက်နေ့ ညပိုင်းတွင် ရုရှား-အာဆီယံ စီးပွားရေးကော်မရှင်ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့်အဖွဲ့အား မော်စကိုမြို့၊ Radisson Collection ဟိုတယ်ရှိအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှား-အာဆီယံ စီးပွားရေးကော်မရှင်ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ် လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်ဗိုလ်ချုပ်ကြီးညီညီစောပြည်ထောင်စုဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှား-အာဆီယံ စီးပွားရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်မှ တာဝန်ရှိသူများတက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှား-အာဆီယံ စီးပွားရေး ကော်မရှင်ဥက္ကဋ္ဌ Mr. Ivan Polyakov တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ထိုသို့တွေ့ဆုံရာတွင် ရုရှား-မြန်မာ စီးပွားရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင်စိုက်ပျိုးဖြစ်ထွန်းသည့် ဖရဲသီး၊ သရက်သီး စသည့် အသီးအနှံများအား ရုရှားနိုင်ငံသို့ တင်ပို့နိုင်သည့်အခြေအနေများ၊ စွန့်ပစ်အမှိုက်များအား Recycle ဖြင့် ပြန်လည်အသုံးပြုနိုင်ရေး ကိစ္စရပ်များ၊ အာကာသနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှား-အာဆီယံ စီးပွားရေးကော်မရှင်ဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

❍ ကျောဖုံးမှအဆက်

တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu၊ ကာကွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် ရုရှားတပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနသို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံပွဲကို အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံအကြား ကာကွယ်ရေးကဏ္ဍတွင် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ပိုမိုမြင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich တို့ အမှတ်တရလက်ဆောင် ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံး မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**❖ ရုရှားနိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ အမြဲရပ်တည်ဆောင်ရွက်ပေးလျက်ရှိ . . .**

**❖ ရုရှား-မြန်မာကုန်သွယ်မှုများကို ယခုထက်ပိုမိုတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လို . . .**

**❖ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုပြုနိုင်သည့် ထုတ်ကုန်ပစ္စည်းများရှိပြီးဖြစ်သဖြင့် ကုန်သွယ်မှုကဏ္ဍကို မြှင့်တင်နိုင်ရေးဆောင်ရွက် . . .**

နေပြည်တော် မတ် ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့်စစ်သံရုံးမိသားစုများအား ဒေသစံတော်ချိန် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုလာရောက်ခဲ့သည့် ခရီးစဉ်သည် ရုရှား-မြန်မာ ချစ်ကြည်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်အပါအဝင် ခေါင်းဆောင်ပိုင်းများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး ကောင်းမွန်သည့်ရလဒ်များရရှိခဲ့သည့်အတွက် အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ကြောင်း။

ရုရှား-မြန်မာ သံတမန်ဆက်ဆံမှုသည် နှစ်ပေါင်း (၇၇) နှစ်ပြည့်မြောက်ကျော်လွန်လာခဲ့ပြီဖြစ်ပြီး ရှည်လျားသည့် သမိုင်းကြောင်းများရှိကြောင်း၊ ရှေးယခင်အဆက်ဆက်ကတည်းက ကောင်းမွန်သည့် သံတမန်ဆက်ဆံမှုများရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွက်ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးခဲ့မှုများရှိခဲ့ကြောင်း၊ မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စတင်တာဝန်ထမ်းဆောင်စဉ်မှစ၍ ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးများလာရောက်ခဲ့ပြီး ယခုအခါ ၁၁ ကြိမ်မြောက် ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခင်ကာလများကတည်းက ကာကွယ်ရေးဆိုင်ရာများနှင့်ပတ်သက်၍လည်း ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်နောက်ပိုင်းတွင် မြန်မာ့တပ်မတော်မှအရာရှိများကို ရုရှားနိုင်ငံတွင် ပညာတော်သင်များအဖြစ် လက်ခံဆောင်ရွက်ပေးခဲ့ပြီး ယခုအချိန်အထိလည်း နှစ်စဉ်တက်ရောက်ပညာသင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့်တပ်မတော်အတွက် လိုအပ်သည့် တန်ဖိုးရှိသောလူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ မြန်မာ့တပ်မတော် အဆင့်မြှင့်တင်ရေးအတွက်လည်း ရုရှားနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးခဲ့သည်များလည်း ရှိကြောင်း။

ရုရှားနိုင်ငံတွင် ပညာသင်ကြားခဲ့သည့် တပ်မတော်သားအရာရှိများမှ အချို့သည် အရပ်ဘက်တာဝန်များတွင် အဆင့်မြင့်နေရာများအထိထမ်းဆောင်နေကြပြီဖြစ်သဖြင့် နိုင်ငံအတွက်များစွာအကျိုးရှိကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံနှင့်ဆက်ဆံရေးကိစ္စရပ်များတွင် အထောက်အကူဖြစ်စေရေး သံရုံး၊ စစ်သံရုံးမိသားစုများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ရုရှားနိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ အမြဲရပ်တည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယူကရိန်းပဋိပက္ခမှာ ရုရှားနိုင်ငံကို တိုက်ရိုက် (သို့မဟုတ်)သွယ်ဝိုက်၍ ပြိုကွဲထိခိုက်စေမည့်ကိစ္စရပ်များကို နိုင်ငံအချို့က ဆောင်ရွက်ခဲ့ခြင်းကြောင့် စတင်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း၊ အနောက်အုပ်စုအနေဖြင့် ရုရှားနိုင်ငံပြိုကွဲစေရေးစွက်ဖက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်ကလည်း ဆိုဗီယက်ပြည်ထောင်စုပြိုကွဲစေရေးအနောက်နိုင်ငံများက ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံတကာအခြေအနေမှာ အချိန်နှင့်အမျှပြောင်းလဲမှုများရှိနေကြောင်း။

ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံတော်အတွက် အခွင့်အလမ်းရရှိနိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရေးနိုင်ငံအတွက် အကျိုးရှိမည့် ကိစ္စရပ်များကိုနားစွင့်ပြီး ဖတ်ရှုလေ့လာမှတ်သားဆောင်ရွက်ကြစေလိုကြောင်း၊ ရုရှား-မြန်မာကုန်သွယ်မှုများကို ယခုထက်ပိုမိုတိုးတက်လာစေရေးကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုဗိုစီဗစ်မြို့ကိုအခြေခံ၍ ကုန်သွယ်မှုများတိုးတက်အောင်

**စာမျက်နှာ ၇ သို့ ➤**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံရုံး၊ စစ်သံရုံးမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

**➤ စာမျက်နှာ ၆ မှအဆက်**

ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံမှ အရည်အသွေးမီသည့် ထုတ်ကုန်ပစ္စည်းများကို တင်ပို့နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုပြုနိုင်သည့် ထုတ်ကုန်ပစ္စည်းများရှိပြီးဖြစ်သဖြင့် ကုန်သွယ်မှုကဏ္ဍကို မြှင့်တင်နိုင်ရေးဆောင်ရွက်ကြရန်လိုကြောင်း။

သံရုံး၊ စစ်သံရုံးတို့တွင်တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိတို့အားလပ်နေသည့်အချိန်များကို စာအုပ်စာပေများဖတ်ရှုလေ့လာခြင်း၊ ဘာသာစကားများလေ့လာခြင်းများကို ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့အတွက် အကျိုးများစွာရှိမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ရုရှားစာပေနှင့် ဘာသာစကားများကို လေ့လာကြရန်လိုကြောင်း၊ သံရုံး၊ စစ်သံရုံးအသိုင်းအဝိုင်းများအတွင်း စည်းစည်းလုံးလုံး သိုက်သိုက်ဝန်းဝန်းဖြင့် နေထိုင်ကြရန်လိုကြောင်း။

မိမိအနေဖြင့် ရုရှားနိုင်ငံတွင် သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် မော်စကိုထေရဝါဒဗုဒ္ဓစင်တာကို တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဆရာတော်သံဃာတော်များအတွက်လိုအပ်သည်များကိုလည်း တတ်နိုင်သမျှ ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)တို့က လက်ခံရယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ သံအမတ်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး သံရုံး၊ စစ်သံရုံးမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။(၁၀၀)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် လူရည်ချွန် ကျောင်းသား/ကျောင်းသူများ၏ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**အဆင့်မြင့်ပညာဦးစီးဌာန**

**ကြေညာချက်**

**၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် လူရည်ချွန် ကျောင်းသား/ ကျောင်းသူများ၏ အမည်စာရင်းကြေညာခြင်း**

| စဉ် | ဝန်ကြီးဌာန | တက္ကသိုလ် | ကျောင်းသား/သူ အမည် | အထူးပြုဘာသာရပ် |
|---|---|---|---|---|
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | မောင်မင်းခန့်ကျော် | ရေကြောင်းအင်ဂျင်နီယာ |
| ၂ | နယ်စပ်ရေးရာဝန်ကြီးဌာန | "ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများစွမ်းရည်ဖွံ့ဖြိုးရေး တက္ကသိုလ်(စစ်ကိုင်း)" | စောညီယံလင်းထူး | ပညာရေး |
| ၃ | နယ်စပ်ရေးရာဝန်ကြီးဌာန | "ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)" | မရွှန်းလဲ့အောင် | ရူပဗေဒ |
| ၄ | နယ်စပ်ရေးရာဝန်ကြီးဌာန | "ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)" | မောင်ယွမ်းဝမ်း | အီလက်ထရောနစ် |
| ၅ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) | မောင်ရဲရင့် | ပန်းချီ |
| ၆ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) | မနှင်းရွှေရည်ဝင်း | သဘင် |
| ၇ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | မကြယ်စင်သွေး | စိုက်ပျိုးရေး |
| ၈ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း) | မမေထက်နိုင် | တိရစ္ဆာန်ဆေးပညာ |
| ၉ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | သမဝါယမနှင့်စီမံခန့်ခွဲမှုတက္ကသိုလ်(သန်လျင်) | မနန်းမိအောင် | သမဝါယမနှင့်စီမံခန့်ခွဲမှု |
| ၁၀ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | သမဝါယမနှင့်စီမံခန့်ခွဲမှုတက္ကသိုလ်(စစ်ကိုင်း) | မအိအိမြတ် | သမဝါယမနှင့်စီမံခန့်ခွဲမှု |
| ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် | မောင်ရွှေဉာဏ် | သစ်တောပညာ |
| ၁၂ | ပညာရေးဝန်ကြီးဌာန | Naypyitaw State Academy | မမေမြတ်သူ | ဆေးပညာ |
| ၁၃ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်တက္ကသိုလ် | မအိမ့်ဖူးသွယ် | အင်္ဂလိပ်စာ |
| ၁၄ | ပညာရေးဝန်ကြီးဌာန | မန္တလေးတက္ကသိုလ် | မရွှေစင်ဝင်း | အင်္ဂလိပ်စာ |
| ၁၅ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်စီးပွားရေးတက္ကသိုလ် | မလင်းလက်ရွှေရည်သန့် | စီမံခန့်ခွဲမှုပညာ |
| ၁၆ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်ပညာရေးတက္ကသိုလ် | မယုဇနအောင် | ပညာရေး |
| ၁၇ | ပညာရေးဝန်ကြီးဌာန | မော်လမြိုင်တက္ကသိုလ် | မသဥ္ဇာရွှန်းလဲ့ခိုင် | ဇီဝဓာတုဗေဒ |
| ၁၈ | ပညာရေးဝန်ကြီးဌာန | တောင်ကြီးတက္ကသိုလ် | မောင်ရှင်းသန့်လင်း | အင်္ဂလိပ်စာ |
| ၁၉ | ပညာရေးဝန်ကြီးဌာန | စစ်ကိုင်းပညာရေးတက္ကသိုလ် | မောင်အောင်ခိုင်ဖြိုး | ပညာရေး |
| ၂၀ | ပညာရေးဝန်ကြီးဌာန | ဒဂုံတက္ကသိုလ် | မောင်အာကာဖြိုး | နိုင်ငံတကာဆက်ဆံရေးပညာ |
| ၂၁ | ပညာရေးဝန်ကြီးဌာန | မကွေးတက္ကသိုလ် | မရွှေရတီလင်း | အင်္ဂလိပ်စာ |
| ၂၂ | ပညာရေးဝန်ကြီးဌာန | ပုသိမ်တက္ကသိုလ် | မောင်ကောင်းဇင်ဟိန်း | အင်္ဂလိပ်စာ |
| ၂၃ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | မအင်ကြင်းဖြူ | ဂျာမန်ဘာသာ |
| ၂၄ | ပညာရေးဝန်ကြီးဌာန | စစ်တွေတက္ကသိုလ် | မခိုင်ခိုင်လွင် | အင်္ဂလိပ်စာ |
| ၂၅ | ပညာရေးဝန်ကြီးဌာန | မုံရွာတက္ကသိုလ် | မနွေးနွေးဝတ်ရည် | အင်္ဂလိပ်စာ |
| ၂၆ | ပညာရေးဝန်ကြီးဌာန | မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် | မဇင်နွေးနွေးဟန် | "စီးပွားရေးလုပ်ငန်းသုံးအင်္ဂလိပ်ဘာသာစကား" |
| ၂၇ | ပညာရေးဝန်ကြီးဌာန | မြစ်ကြီးနားတက္ကသိုလ် | မောင်တင့်ထွန်းလွင် | သင်္ချာ |
| ၂၈ | ပညာရေးဝန်ကြီးဌာန | မုံရွာစီးပွားရေးတက္ကသိုလ် | မဖူးပွင့်စံ | စီးပွားရေး |
| ၂၉ | ပညာရေးဝန်ကြီးဌာန | တောင်ငူတက္ကသိုလ် | မောင်ကျော်စိုးမိုး | စိုက်ပျိုးရေးသိပ္ပံ |
| ၃၀ | ပညာရေးဝန်ကြီးဌာန | ပြည်တက္ကသိုလ် | မရွှေရည်ဝင်း | အင်္ဂလိပ်စာ |

ဆက်လက်ဖော်ပြပါမည်။

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**

၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်**

**အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကြေညာခြင်း**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာအဆင့် နဝမတန်း၊ ဒသမတန်း၊ ဧကာဒသမတန်းနှင့် ဒွါဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်းကြေညာအပ်ပါသည်-

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်သြဘာ | အလက-လေ့ကျင့်ရေး | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မယွန်းသီရိစံကျော် | အလက-လေ့ကျင့်ရေး | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်စောနွဲ့ညီညီဇာနည် | အထက-နမ္မတီး | မိုးကောင်း | မိုးညှင်း |
| ၄ | မပိုးအိလွင် | အထက(၂)မိုးကောင်း | မိုးကောင်း | မိုးညှင်း |
| ၅ | မောင်ရှင်းသန့် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၆ | မစွဲ့ကေသီအောင် | အလက-မြို့မ | ပူတာအို | ပူတာအို |
| ၇ | မောင်မြတ်ဖုန်းမောင် | အလက- ဒေါတမ | လွိုင်ကော် | လွိုင်ကော် |
| ၈ | မထွန်းဇူဇူးမီ | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၉ | မောင်ကောင်းမြတ်သူ | အထက-လှာကာ | ဘားအံ | ဘားအံ |
| ၁၀ | မအိမ့်ပြည့်ကြယ်စင် | မြတ်သောအမွေ ကိုယ်ပိုင်အထက်တန်းကျောင်း | လှိုင်းဘွဲ | ဘားအံ |
| ၁၁ | မောင်နောင်လျှံဟိန်း | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၂ | မဆောင်းနှင်းရွှေစင် | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၃ | မောင်မျိုးသူရိန် | အထက(၁) စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၄ | မမေသံစဉ်ချို | အထက(၁) စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၅ | မောင်ရန်ဘုန်းနိုင် | အထက(၂) ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၆ | မလင်းလင်းမြတ် | အထက(၃)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၇ | မောင်ထူးဝေယံလင်း | ဆု ကပက | ကန့်ဘလူ | ကန့်ဘလူ |
| ၁၈ | မနေခြည်ယဉ်ယဉ်ထွန်း | အထက- ကျွန်းလှ | ကျွန်းလှ | ကန့်ဘလူ |
| ၁၉ | မောင်လပြည့်အောင် | အထက(၁) အလုံ | မုံရွာ | မုံရွာ |
| ၂၀ | မအိမ့်သန့်မွန် | အထက(၁) မုံရွာ | မုံရွာ | မုံရွာ |
| ၂၁ | မောင်ထွဋ်ခေါင် | အထက(၃)ကသာ | ကသာ | ကသာ |
| ၂၂ | မယွန်းနဒီဦး | အထက(၃)ကသာ | ကသာ | ကသာ |
| ၂၃ | မောင်စွမ်းရည်စိုး | ရွှေလမင်း-ကပက | ကလေး | ကလေး |
| ၂၄ | မယွန်းဝတီခင် | အထက(ခွဲ)၊ အလက(၆)ကလေး | ကလေး | ကလေး |
| ၂၅ | မောင်ခန့်စည်သူ | အထက-ကက်သာ | ဟုမ္မလင်း | ဟုမ္မလင်း |
| ၂၆ | မမွန်မြတ်ဇင် | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၂၇ | မောင်လင်(မ်)အောင် | အထက(စစမ)-လဟယ် | လဟယ် | နာဂ |
| ၂၈ | မဝေးကျလင် | အထက(စစမ)-လဟယ် | လဟယ် | နာဂ |
| ၂၉ | မောင်ညီဝေဖြိုး | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၃၀ | မဗေရယ်ထွန်း | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၃၁ | မောင်ဟေသုသျှံ | အထက (၂)ပုလော | ပုလော | မြိတ် |
| ၃၂ | မရွှေစင်ထွဋ် | ကပက-မြင်းမိုရ် | မြိတ် | မြိတ် |
| ၃၃ | မောင်ဘုန်းခန့်ပိုင် | အထက(ခွဲ)အလက(၁) | ကော့သောင်း | ကော့သောင်း |
| ၃၄ | မရွှေအိမ်စည်ဖူး | အထက(ခွဲ)အလက(၂) | ကော့သောင်း | ကော့သောင်း |
| ၃၅ | မောင်ထိန်လင်းအောင် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၃၆ | မဆုရွှေရည်ထွန်း | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၃၇ | မောင်နေမျိုးလင်း | အထက(၂)ညောင်လေးပင် | ညောင်လေးပင် | ညောင်လေးပင် |
| ၃၈ | မယုဇန | အထက(၂)ညောင်လေးပင် | ညောင်လေးပင် | ညောင်လေးပင် |

**ဆက်လက်ဖော်ပြပါမည်။**

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**

၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်**

**အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကြေညာခြင်း**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာအဆင့် နဝမတန်း၊ ဒသမတန်း၊ ဧကာဒသမတန်းနှင့် ဒွါဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်းကြေညာအပ်ပါသည်-

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်အနုဂ္ဂညီညီ | All Star ( ကပက ) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မMလဆီးဂျာဘောက်စောမ် | အထက(ခွဲ)အလက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်လင်းထွဋ်ကျော် | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၄ | မမေသော်တာစံ | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၅ | မောင်ငွါးပေါ်ရဲ့ | အထက-ထရန်ဒမ်း | မချမ်းဘော | ပူတာအို |
| ၆ | မဝေထိုက်လွင် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၇ | မောင်ကောင်းမြတ်လင်း | အထက(၁) | လွိုင်ကော် | လွိုင်ကော် |
| ၈ | မရွှေယွန်းမီ | အထက(၁) | လွိုင်ကော် | လွိုင်ကော် |
| ၉ | စောထက်အောင်ကျော် | အထက(၁)ဘားအံ | ဘားအံ | ဘားအံ |
| ၁၀ | မထက်အံ့ရှား | အထက(၁)ဘားအံ | ဘားအံ | ဘားအံ |
| ၁၁ | မောင်မြတ်ထင်လင်း | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၂ | မသံစဉ်ဦး | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၃ | မောင်နိုင်ကိုလင်း | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၄ | မထက်ရွှေရည်အောင် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၅ | မောင်မြတ်မင်းထိုက် | ရွှေပြည်တန်-ကပက | ရွှေဘို | ရွှေဘို |
| ၁၆ | မငွေစင်သွန်း | အထက(၃) ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၇ | မောင်ဝဏ္ဏကျော် | ဆု(ကပက) | ကန့်ဘလူ | ကန့်ဘလူ |
| ၁၈ | မယွန်းရွှေရည်ဇော် | ဆု(ကပက) | ကန့်ဘလူ | ကန့်ဘလူ |
| ၁၉ | မောင်သိန်းထက်အောင် | အထက(၂) မုံရွာ | မုံရွာ | မုံရွာ |
| ၂၀ | မအိဖြူစင်ဝင်း | အထက(၅) မုံရွာ | မုံရွာ | မုံရွာ |
| ၂၁ | မောင်ဝေယံလင်းထက် | အထက(၁) ကသာ | ကသာ | ကသာ |
| ၂၂ | မဆုတော်ဝင်ဇော် | အထက(၃) ကသာ | ကသာ | ကသာ |
| ၂၃ | မောင်မင်းဟိန်းခန့် | ရွှေလမင်း(ကပက) | ကလေး | ကလေး |
| ၂၄ | မအေးမြတ်ထွန်း | ရွှေလမင်း(ကပက) | ကလေး | ကလေး |
| ၂၅ | မောင်ထင်ကျော်လင်း | အထက (၁) | ဟုမ္မလင်း | ဟုမ္မလင်း |
| ၂၆ | မခွန်းနေခြည် | အထက(၁) | ဟုမ္မလင်း | ဟုမ္မလင်း |
| ၂၇ | မောင်ရှူသောမူ | အထက-လေရှီး | လေရှီး | နာဂ |
| ၂၈ | မခင်ငြိမ့်ငြိမ့်စံ | အထက-လေရှီး | လေရှီး | နာဂ |
| ၂၉ | မောင်ဘုန်းဝေတိုး | အထက-သရက်ချောင်း | သရက်ချောင်း | ထားဝယ် |
| ၃၀ | မဆုမြတ်မောင်လေး | ကပက-Edu Park | ထားဝယ် | ထားဝယ် |
| ၃၁ | မောင်ဒွေးလွင် | အထက(၁)ပုလော | ပုလော | မြိတ် |
| ၃၂ | မခင်ကျော့ရှင်း | မြင်းမိုရ် (ကပက) | မြိတ် | မြိတ် |
| ၃၃ | မောင်စံချိန်မီ | အထက-ဘုတ်ပြင်း | ဘုတ်ပြင်း | ကော့သောင်း |
| ၃၄ | မဖြူသင်းခိုင် | အထက-ဘုတ်ပြင်း | ဘုတ်ပြင်း | ကော့သောင်း |
| ၃၅ | မောင်လူမော်ထွန်း | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၃၆ | မငွေစင်လင်းလက် | အထက(၅)ပဲခူး | ပဲခူး | ပဲခူး |
| ၃၇ | မောင်မင်းခန့်ရှိန် | အထက(၁)ညောင်လေးပင် | ညောင်လေးပင် | ညောင်လေးပင် |
| ၃၈ | မအေးချမ်းစံ | အထက(၁)ညောင်လေးပင် | ညောင်လေးပင် | ညောင်လေးပင် |
| ၃၉ | မောင်မင်းသုခန့် | ငြိမ်းချမ်းရေး(ကပက) | တောင်ငူ | တောင်ငူ |

**ဆက်လက်ဖော်ပြပါမည်။**

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ကောဒသမတန်း(Grade 11)လူရည်ချွန်စာရင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**

၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်**

**အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကြေညာခြင်း**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာအဆင့် နဝမတန်း၊ ဒသမတန်း၊ ကောဒသမတန်းနှင့် ဒွါဒသမတန်း အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါ အတိုင်းကြေညာအပ်ပါသည်-

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ကောဒသမတန်း(Grade 11)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်သန့်ကောင်းစံ | All Star ( ကပက ) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မဟန်းဂေါင်းခေါင်နန်း | အထက(၁)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်အောင်သီဟသူ | ပညာဆီမီး(ကပက) | မိုးကောင်း | မိုးညှင်း |
| ၄ | မလင်းလဲ့နေခြည် | အထက(၂)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၅ | မောင်ဂမ်လွန်း | အထက-ဒုတ္တန် | ပူတာအို | ပူတာအို |
| ၆ | မဖြိုးပြည့်ပြည့်စံ | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၇ | မောင်စောဘုန်းပြည့်သက်နှစ် | အထက (၁) | လွိုင်ကော် | လွိုင်ကော် |
| ၈ | မခင်ဆန်းလှိုင် | အထက (၅) | လွိုင်ကော် | လွိုင်ကော် |
| ၉ | မောင်ဟိန်းကျော်စွာ | အထက-လှိုင်းဘွဲ | လှိုင်းဘွဲ | ဘားအံ |
| ၁၀ | နော်မိုးကဗျာမောင် | အထက-ရွှေဂွန်း | လှိုင်းဘွဲ | ဘားအံ |
| ၁၁ | မောင်မျိုးမင်းနိုင် | အထက(၃)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၂ | မအိသဥ္စာကျော် | အထက-တံခွန်တိုင် | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၃ | မောင်ကောင်းခန့်ဇော် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၄ | မယွန်းလဲ့ဝေ | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၅ | မောင်ဝေယံထက် | TWS(ကပက) | ရွှေဘို | ရွှေဘို |
| ၁၆ | မအေးစန္ဒာကျော် | အထက(၃) ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၇ | မောင်တင်စိုးဝင်း | ဟိန်း-ကပက | ကျွန်းလှ | ကန့်ဘလူ |
| ၁၈ | မသီရိစံ | ဟိန်း-ကပက | ကျွန်းလှ | ကန့်ဘလူ |
| ၁၉ | မောင်ဒီပါမောင် | အထက(၅) မုံရွာ | မုံရွာ | မုံရွာ |
| ၂၀ | မအိခိုင်ဖြိုး | အထက(၃)မုံရွာ | မုံရွာ | မုံရွာ |
| ၂၁ | မောင်ချမ်းဝေအောင် | အထက(၁)ကသာ | ကသာ | ကသာ |
| ၂၂ | မသဥ္စာခိုင် | အထက(၃)ကသာ | ကသာ | ကသာ |
| ၂၃ | မောင်ကျော်ဇင်မင်းထက် | အထက(၃)ကလေး | ကလေး | ကလေး |
| ၂၄ | မခမ်းညွန့်ဆွေ | ရွှေလမင်း(ကပက) | ကလေး | ကလေး |
| ၂၅ | မောင်လန့်ငွေ | အထက(ခွဲ) မြို့မ | ခန္တီး | ခန္တီး |
| ၂၆ | မသံစဉ်ငြိမ်းအေး | အထက(၁) ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း |
| ၂၇ | မောင်အားပွမ် | အထက(စစမ)-လဟယ် | လဟယ် | နာဂ |
| ၂၈ | မသော်ရီးချော | အထက-လေရှီး | လေရှီး | နာဂ |
| ၂၉ | မောင်မြတ်မင်းစံ | အထက(၃)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၃၀ | မမြတ်နိုးခင် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၃၁ | မောင်လျှမ်းပြည့်ဟိဏ်း | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၃၂ | မထက်ဆုဝန်း | အထက (၂)ပုလော | ပုလော | မြိတ် |
| ၃၃ | မောင်အောင်ပိုင်ဖြိုး | အထက(၁)ကော့သောင်း | ကော့သောင်း | ကော့သောင်း |
| ၃၄ | မနှင်းအိန္ဒြာခင် | အထက(ခွဲ)အလက(၂) | ကော့သောင်း | ကော့သောင်း |
| ၃၅ | မောင်ကျော်သူအောင် | အထက(၆)ပဲခူး | ပဲခူး | ပဲခူး |
| ၃၆ | မခြူးတိမ်လွှာထက် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၃၇ | မောင်နိုင်းခန့်အောင် | အထက-မဒေါက် | ညောင်လေးပင် | ညောင်လေးပင် |
| ၃၈ | မအိမ့်ကြည်ဖြူမေ | အထက(ခွဲ)ညောင်လေးပင် | ညောင်လေးပင် | ညောင်လေးပင် |
| ၃၉ | မောင်မြတ်ဘုန်းကျော် | ငြိမ်းချမ်းရေး(ကပက) | တောင်ငူ | တောင်ငူ |

ဆက်လက်ဖော်ပြပါမည်။

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**

၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်**

**အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကြေညာခြင်း**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာအဆင့် နဝမတန်း၊ ဒသမတန်း၊ ကောဒသမတန်းနှင့် ဒွါဒသမတန်း အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါ အတိုင်းကြေညာအပ်ပါသည်-

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်မျိုးသူရနိုင် | အထက(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မထိပ်ထားလှိုင် | အထက(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်ဖြိုးမောင်မောင် | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၄ | မမေမြတ်နိုးခင် | အထက-နောင်ကိုင်တော် | မိုးကောင်း | မိုးညှင်း |
| ၅ | မောင်ဝေထွန်း | အထက-ဒုတ္တန် | ပူတာအို | ပူတာအို |
| ၆ | မအေးစံပယ် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၇ | မောင်ဖြိုးမြတ်မင်း | အထက- (၁) | လွိုင်ကော် | လွိုင်ကော် |
| ၈ | မသူထက်ထက်စံ | အထက- (၁) | လွိုင်ကော် | လွိုင်ကော် |
| ၉ | မောင်နေဝင်းအောင် | အထက(၁)ဘားအံ | ဘားအံ | ဘားအံ |
| ၁၀ | နန်းချောစုစုသိမ့် | အထက(၁)ဘားအံ | ဘားအံ | ဘားအံ |
| ၁၁ | မောင်ကောင်းဖြိုးထွဋ် | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၂ | မခိုင်နွယ်ဦး | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၃ | မောင်ဖွဲ့ထက်အောင် | အထက-ရွာသစ်ကြီး | စစ်ကိုင်း | စစ်ကိုင်း |
| ၁၄ | မမေမြတ်မိုး | အထက(၁) စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၅ | မောင်သိန်းထက်အောင် | အထက(၁)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၆ | မခွန်းဆုကို | TWS (ကပက) | ရွှေဘို | ရွှေဘို |
| ၁၇ | မောင်ဘုန်းမြင့်မြတ် | အထက(၁) ကန့်ဘလူ | ကန့်ဘလူ | ကန့်ဘလူ |
| ၁၈ | မအိငွေစည်ဟိန်း | အထက-ကျွန်းလှ | ကျွန်းလှ | ကန့်ဘလူ |
| ၁၉ | မောင်ဟိန်းသူဝင်း | အထက(၂)မုံရွာ | မုံရွာ | မုံရွာ |
| ၂၀ | မသုသုဇော် | အထက(၃)မုံရွာ | မုံရွာ | မုံရွာ |
| ၂၁ | မောင်ဇင်ကိုအောင် | အထက(၃)ကသာ | ကသာ | ကသာ |
| ၂၂ | မဝေဝေဇင် | အထက(၃)ကသာ | ကသာ | ကသာ |
| ၂၃ | မအိကျော်ဇင် | အထက(၃) ကလေး | ကလေး | ကလေး |
| ၂၄ | မောင်ဘုန်းခံ့ကျော် | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၂၅ | မမေဖူးသဒ္ဒါ | အထက-(၁) | ဟုမ္မလင်း | ဟုမ္မလင်း |
| ၂၆ | မောင်ရှင်လာဝူး | အထက(စစမ)-လဟယ် | လဟယ် | နာဂ |
| ၂၇ | မခွမ်းပီ | အထက(စစမ)-လဟယ် | လဟယ် | နာဂ |
| ၂၈ | မောင်ဝေယံဘုန်းထက် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၂၉ | မသင်းရွှေရည်ထက် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၃၀ | မောင်ထက်ဝေလင်း | အထက-ကျွန်းစု | ကျွန်းစု | မြိတ် |
| ၃၁ | မဖြိုးဖြိုးတော်ဝင်သူ | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၃၂ | မောင်ညီဇော်နိုင် | အထက-ဘုတ်ပြင်း | ဘုတ်ပြင်း | ကော့သောင်း |
| ၃၃ | မသဇင် | အထက-ဘုတ်ပြင်း | ဘုတ်ပြင်း | ကော့သောင်း |
| ၃၄ | မောင်ကိုကိုကျော် | အထက(၁)ပဲခူး | ပဲခူး | ပဲခူး |
| ၃၅ | မမေမြင့်မိုရ် | အထက(၁)ပဲခူး | ပဲခူး | ပဲခူး |
| ၃၆ | မောင်ဘိုဘိုအောင် | အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊မွေးမြူရေး အထက်တန်းကျောင်း-ပဲနွယ်ကုန်း | ကျောက်တံခါး | ညောင်လေးပင် |
| ၃၇ | မစံအိန္ဒြေညိမ်း | ကြယ်စင်သစ်(ကပက) | ညောင်လေးပင် | ညောင်လေးပင် |

ဆက်လက်ဖော်ပြပါမည်။

# တရားလွှတ်တော်ရှေ့နေများကောင်စီအစည်းအဝေး အမှတ်စဉ် ၁/၂၀၂၅ ကျင်းပ



နေပြည်တော် မတ် ၅

တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးအမှတ်စဉ်၁/၂၀၂၅ ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် အထက်တန်းရှေ့နေ ၄၉၉ ဦးကို တရားလွှတ်တော်ရှေ့နေများကောင်စီက ကန့်ကွက်ရန် ရှိ/မရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ ရှေ့နေကျင့်ဝတ်ဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေများနှင့်စပ်လျဉ်း၍ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ ရှေ့နေရှေ့ရပ်များအား သင်တန်းပေးရန်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် ဘွဲ့လွန်ဥပဒေပညာဒီပလိုမာသင်တန်း {Post Graduate Diploma in law (P.G.D.L)}၊ ဘွဲ့လွန်ဒီပလိုမာသင်တန်း {Post Graduate Diploma (DL)}၊ Online Law နှင့် နောင်တွင်ရရှိမည့် B.A (Law) ရရှိသူများနှင့်စပ်လျဉ်း၍ နည်းဥပဒေပြင်ဆင်နိုင်ရန်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ရုံးမြေနေရာ ပြောင်းလဲလျှောက်ထားသည့်ကိစ္စနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီရုံးခွဲ(ရန်ကုန်)၏ ဆိုင်းဘုတ်ကိစ္စတို့ အပါအဝင် စသည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦး၊ တရားလွှတ်တော် ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့်၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

# တောင်သူလယ်သမားနေ့အခမ်းအနားပိတ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတက်ရောက်

**နေပြည်တော် မတ် ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းတို့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် (၆၃)ကြိမ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားပိတ်ပွဲသို့ တက်ရောက်သည်။



ပိတ်ပွဲအခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီး ဆိုင်းဝိုင်းအဖွဲ့နှင့် ခေတ်ပေါ်တေးဂီတဝိုင်းတို့မှ တောင်သူလယ်သမားများအတွက် သီကုံးထားသော တေးသီချင်းများဖြင့် နိုင်ငံကျော် အဆိုတော်များက ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းတရားသူကြီးချုပ်နှင့် တက်ရောက်လာသည့် တိုင်းဒေသကြီးဝန်ကြီးများက ၂၀၂၅ ခုနှစ် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အဖြစ် သက်ဆိုင်ရာကဏ္ဍအလိုက် ဆုရရှိသော ခရိုင်၊မြို့နယ်များနှင့်တောင်သူများကို ဆုများချီးမြှင့်ခဲ့ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် သီးနှံစိုက်ခင်းများ၊ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ညှိရိပ်သာ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း MCCT အစီအစဉ်အတွက် ငွေကျပ် ၉ ဒသမ ၈ ဘီလီယံကိုလည်းကောင်း၊ လူမှုရေးပင်စင်အစီအစဉ်အတွက်ငွေကျပ်၂ ဒသမ ၃ ဘီလီယံကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးက ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန် ပံ့ငွေဖြင့် တည်ဆောက်လျက်ရှိသော ကန်ကြီးထောင့် မူလတန်းကြိုကျောင်းဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ မြို့နယ်လူမှုဝန်ထမ်းရုံးသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများကို သိသင့်သိထိုက်သည်များ ရှင်းလင်းပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် လှိုင်သာယာမူလတန်းကြိုကျောင်း အမှတ်(၁)သို့ သွားရောက်ကြည့်ရှုပြီး ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

**နေပြည်တော် မတ် ၅**

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှု လုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်း ထုတ်လုပ်မှုအား အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေတန်ချိန် ၃၀၀၀ တင်ဆောင်လာသည့်ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာ ရွှေမဲဆိပ်ကမ်းသို့ မတ်လ ၄ ရက် ညနေပိုင်း၌ ရောက်ရှိခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေ တင်ဆောင်လာသည့် ရေယာဉ်များ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၃-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၃၀ | ၃၃၄၀ | ၃၃၁၀ | ၃၂၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၈၀ | ၃၃၀၀ | ၄၅၀၅ | ၃၅၉၀ | ၃၃၁၅ | ၃၃၂၀ | ၃၃၈၅ | ၃၃၅၀ | ၃၃၇၅ | ၃၆၃၀ |
| 95 Ron | ၃၂၈၀ | ၃၃၉၀ | ၃၃၆၀ | ၃၂၉၅ | ၃၄၀၀ | ၃၄၁၅ | ၃၄၃၀ | ၃၃၅၀ | ၄၅၆၀ | ၃၆၄၀ | ၃၃၆၅ | ၃၃၇၀ | ၃၄၄၀ | ၃၄၀၀ | ၃၄၂၅ | ၃၆၈၀ |
| HSD (500 ppm) | ၂၇၆၀ | ၂၈၇၀ | ၂၈၄၀ | ၂၇၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | - | ၃၁၂၀ | ၂၈၄၅ | ၂၈၄၅ | ၂၉၁၅ | ၂၈၈၀ | ၂၉၀၅ | ၃၁၆၀ |
| HSD (50 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | ၄၈၃၀ | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |
| HSD (10 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | - | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၁ | ၃၁၄၆ |
| 95 Ron | ၃၁၀၀ | ၃၁၉၆ |
| HSD (500 ppm) | ၂၅၉၆ | ၂၆၇၇ |
| HSD (50 ppm) | ၃၂၂၆ | ၃၃၂၀ |
| HSD (10 ppm) | ၃၂၂၆ | ၃၃၂၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool အားလက်ခံတွေ့ဆုံစဉ်။

နေပြည်တော် မတ် ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool က ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် Radisson Collection ဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးထားသည့် အချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဒူးမားလွှတ်တော်သို့ မြန်မာနိုင်ငံမှလေ့လာရေးအဖွဲ့များစေလွှတ်၍ အတွေ့အကြုံများဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV နှင့်အဖွဲ့ဝင်များက လာရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်၍ ကာမီးကီယာပြည်နယ်ရှိဗုဒ္ဓဥယျာဉ်အတွင်း မြန်မာနိုင်ငံမှ စေတီတော်(သို့မဟုတ်) ဗုဒ္ဓရုပ်ပွားတော်အား လာရောက်တည်ထားကိုးကွယ်စေလိုမှု၊ မြန်မာနိုင်ငံမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ကာမီးကီယာပြည်နယ်သို့ လာရောက်လေ့လာစေလိုမှုများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ရုရှားစီးပွားရေးဖိုရမ်၌ ဖြည့်စွက်အမှာစကားပြောကြားစဉ်။




မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် မြန်မာ-ရုရှားစီးပွားရေးဖိုရမ်၌ အဖွင့်အမှာစကားပြောကြားစဉ်။




ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadyevich Reshetnikov မြန်မာ-ရုရှားစီးပွားရေးဖိုရမ်၌ အဖွင့်အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရုရှားမီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားစဉ်။

☆ ရှေ့ဖုံးမှအဆက်

အဆိုပါ မြန်မာ-ရုရှား စီးပွားရေးဖိုရမ် အခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadyevich Reshetnikov၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့်အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးတို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌက "မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်းဆိုင်ရာ အကျဉ်းချုပ်"ကိုပြောကြားပြီး တက်ရောက်လာကြသည့် နှစ်နိုင်ငံမှကိုယ်စားလှယ်များက ခေါင်းစဉ်များအလိုက် အကျဉ်းချုပ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ရုရှား MIR Card များ လက်ခံသုံးစွဲနိုင်ရေးဆောင်ရွက်မှု လုပ်ငန်းအခြေအနေများ Video Clip ကို ကြည့်ရှုကြပြီး ဖိုရမ်အား ခေတ္တရပ်နားလိုက်သည်။

ယင်းနောက်နေ့လယ်ပိုင်းတွင် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်အား ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်အမှာစကားပြောကြားရာတွင် အထူးသဖြင့် ယခုလအတွင်း ပဉ္စမအကြိမ်မြောက် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေး၏သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံတွင် အောင်မြင်စွာဖြင့်လက်ခံကျင်းပနိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

အဆိုပါကော်မရှင်အစည်းအဝေးမှနေ၍ ဆွေးနွေးမှုရလဒ်များအဖြစ် ဥပဒေမူဘောင်များ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေး၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့်ကျန်းမာရေးစောင့်ရှောက်မှုစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်နိုင်ခဲ့ပြီဖြစ်ကြောင်း။

အထူးသဖြင့် မဟာဗျူဟာကျသည့် ပင်လယ်ထွက်ပေါက်အဖြစ် ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်တည်ထောင်နိုင်ရန် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခြေလှမ်းသစ်စတင်နိုင်တဲ့အတွက် များစွာအားရကျေနပ်မိပါကြောင်း။

မိမိတို့ဘက်ကလည်း ခိုင်မာအားကောင်းသည့် ဥပဒေမူဘောင်များ ချမှတ်ထားခြင်းနှင့်အတူ ယနေ့အခမ်းအနား၏ရလဒ်တစ်ခုအနေဖြင့် နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ဆွေးနွေးညှိနှိုင်းခြင်းကြောင့် သဘောတူစာချုပ်ကို မကြာခင်မှာ လက်မှတ်ရေးထိုးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုကို ပြည်တွင်းနှင့်ချိတ်ဆက်နိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးစင်္ကြံလမ်းများ တစ်လျှောက် လိုအပ်သည့်လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အဦများမှာလည်း လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းများစွာနှင့်အတူ အဆွေတော်တို့ကို ဖိတ်ခေါ်ချင်ပါတယ်။

ယနေ့ကျင်းပပြုလုပ်သည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည့် အခမ်းအနားတွင်လည်း နှစ်နိုင်ငံအကြားအစိုးရချင်းသာမက နှစ်နိုင်ငံပုဂ္ဂလိကကဏ္ဍအချင်းချင်းအကြား ဆက်သွယ်မှုကွန်ရက်ကို ပိုမိုတိုးချဲ့နိုင်မှာဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မည့်အခွင့်အလမ်းများရရှိခဲ့သည်ကို တွေ့မြင်ရပါကြောင်း၊ အထူးသဖြင့် တည်နေရာအနေအထားအရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အနည်းငယ်ဝေးကွာသည့်နေရာတွင် တည်ရှိသော်လည်း ယနေ့အခမ်းအနားမှ စီးပွားရေးဆိုင်ရာနယ်ပယ်ပေါင်းစုံ ကဏ္ဍပေါင်းစုံတွင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဖော်ဆောင်လာနိုင်မယ်လို့ ယုံကြည်ပါတယ်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ကနဦးအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည်ကို တွေ့ရသည့်အတွက် များစွာဝမ်းမြောက်ရကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် **စာမျက်နှာ ၁၃ သို့** ☆

★ **စာမျက်နှာ ၁၂ မှအဆက်**

**❖ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်ရန် အထူးစိတ်ဝင်စားသည့် စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် လုပ်ကိုင်နိုင်သည့် မြန်မာနိုင်ငံ၏လူသားအရင်းအမြစ်များကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မည့်အစီအစဉ်များ စီစဉ်ထားရှိသည်ကို သိရသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိ . . .**

စိုက်ပျိုးမွေးမြူရေးအခြေပြု အဆင့်မြင့်နည်းပညာလွှဲပြောင်းမှုအပိုင်းနှင့်စပ်လျဉ်း၍ အလေးထားပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးနိုင်ခဲ့ကြောင်း။

ထို့အပြင် စက်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင်လည်း နည်းပညာအသစ်များဖြင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည်ကို တွေ့ရကြောင်း၊ အခြေခံအဆောက်အဦကဏ္ဍပိုင်းတွင် မြန်မာနိုင်ငံ၏လိုအပ်ချက်နှင့်အညီ တောင်တန်းကုန်းမြင့်များနှင့် ရှည်လျားလှသည့် ကမ်းရိုးတန်းတစ်လျှောက်တွင် ဂေဟစနစ်ကိုထိခိုက်မှုမရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အထူးသဖြင့် လေစွမ်းအင်၊ နေစွမ်းအင်၊ ရေအားလျှပ်စစ်တို့ကို ထုတ်ယူနိုင်မည့်စီမံကိန်းများကို မကြာမီကာလအတွင်း အဆွေတော်တို့ဖြင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း။

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ငွေပေးချေမှုဆိုင်ရာ နည်းလမ်းများကို အစပြုချိတ်ဆက်ထားနိုင်ပြီဖြစ်သဖြင့် ကုန်သွယ်မှုကို ယခင်ကထက် လွယ်ကူချောမွေ့စွာမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်တိုးတက်မှုတွင် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံထဲတွင် ပါဝင်သည့်အတွက် သတင်းအချက်အလက်နည်းပညာနှင့်ဒစ်ဂျစ်တယ် အခြေခံအဆောက်အဦ ကဏ္ဍတိုးတက်မှုကိုလည်း အဆွေတော်တို့နှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ယင်းနှင့်ဆက်စပ်၍ ယခင်ကတည်းက တိုးတက်ရန်လိုအပ်နေသေးသည့် မြန်မာနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် ရုရှားနိုင်ငံနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားလိုပါတယ်၊ မြန်မာနိုင်ငံအတွက် နိုင်ငံတော်အဆင့် ကြိုးပမ်းဆောင်ရွက်ရမည့်အဓိကမဏ္ဍိုင်တစ်ရပ်မှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ်များကို မြှင့်တင်ပေးနိုင်ရန်အတွက် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ဖို့ပဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်ရန် အထူးစိတ်ဝင်စားသည့် စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် လုပ်ကိုင်နိုင်သည့် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်များကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မည့်အစီအစဉ်များ စီစဉ်ထားရှိသည်ကို သိရသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအကြားတွင် လုပ်သာကိုင်သာရှိမည့် အခွင့်အလမ်းများဖန်တီးပေးနိုင်ရေးနှင့် အလုပ်အကိုင်များ ရရှိနိုင်အောင် ဆက်လက်ပံ့ပိုးကူညီသွားမည်ဟု ထပ်လောင်းပြောကြားလိုကြောင်း။

မဝေးတော့သည့်အနာဂတ်တွင် နှစ်နိုင်ငံအကြားတန်းတူညီမျှသည့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တည်ဆောက်နိုင်မည့် နည်းလမ်းများကို အတူတကွ ကြိုးပမ်းဆောင်ရွက်ရင်း ဘုံတူညီသည့် အကျိုးစီးပွားများကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် နံပါတ်(၁) အချက်ကတော့ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ယုံကြည်စိတ်ချရတဲ့ ရင်းနှီးတဲ့ မိတ်ဆွေကောင်းနိုင်ငံတွေဖြစ်ပါတယ်။ ရုရှားနိုင်ငံက ကမ္ဘာ့မြောက်ခြမ်းမှာ အရှေ့နဲ့အနောက်ကို ရှည်လျားစွာ အရှေ့ကဆိုရင်လည်း အာရှဒေသကနေ အနောက်ဘက် ဥရောပဒေသအထိ ကျယ်ပြန့်စွာ ရှိနေတဲ့ မဟာအင်အားကြီးနိုင်ငံတစ်ခုဖြစ်ပါတယ်။ ပထဝီအနေအထားကလည်း အရေးပါတဲ့ နိုင်ငံတစ်ခုဖြစ်သလို နိုင်ငံတကာကနေ စိတ်ဝင်စားမှုရှိတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ဘယ်လောက်ပဲ ရုရှားနိုင်ငံရဲ့ ဖြစ်ထွန်းအောင်မြင်မှုတွေကို တိုက်ခိုက်နေပါစေ ရုရှားနိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုနဲ့ နည်းပညာတွေကိုတော့ ဘယ်လိုမှ သူတို့ နှိမ်နင်းလို့ရမှာ မဟုတ်ပါဘူး။ ဒါကြောင့် ခင်ဗျားတို့ရဲ့ ကြွယ်ဝမှုနဲ့ နည်းပညာတွေကို ကျွန်တော်တို့ အာရှဒေသမှာ လာရောက်ဖြန့်ကြက်ပြီး ဆောင်ရွက်စေလိုတယ်။ ဒီအခွင့်အရေးကို မြန်မာနိုင်ငံက ခင်ဗျားတို့ကို ကျွန်တော်ပေးချင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ယုံကြည်စိတ်ချစွာနဲ့ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်။ ရင်းနှီးမြှုပ်နှံဖို့ မလုပ်ခင်မှာ မြန်မာနိုင်ငံအခြေအနေကို လာကြည့်ပါ။ ဒီမှာလာတဲ့ မြန်မာနိုင်ငံက ပါလာတဲ့ အဖွဲ့တွေဟာ မြန်မာနိုင်ငံကို ကိုယ်စားပြုပြီးလာတဲ့သူတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ခင်ဗျားတို့လာမယ်ဆိုရင် မြန်မာနိုင်ငံသားတွေရဲ့ ပကတိအခြေအနေကိုလည်း ဒီထက်ပိုပြီးသိရှိမှာဖြစ်ပါတယ်။

စီးပွားရေးလုပ်တဲ့အခါမှာလည်း ခင်ဗျားတို့ကစီးပွားရေးလုပ်တယ်ဆိုတာဈေးကွက်ကို ကျွန်တော်တို့က စဉ်းစားရပါတယ်။ မြန်မာနိုင်ငံက လူဦးရေ ၅၁ သန်းပဲရှိပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံပတ်ပတ်လည်မှာရှိတဲ့ နိုင်ငံတွေရဲ့ လူဦးရေက ၂ ဘီလီယံကျော် ၃ ဘီလီယံနီးပါးလောက်ရှိပါတယ်။ အာဆီယံ ၁၀ နိုင်ငံအပြင် အင်အားကြီးနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ လူဦးရေများပြားတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က မြန်မာနိုင်ငံနဲ့ ထိစပ်နေတဲ့နိုင်ငံတွေဖြစ်ပါတယ်။ ဒီနိုင်ငံတွေကို ခင်ဗျားတို့ရဲ့ ထုတ်လုပ်မှုတွေနဲ့ပတ်သက်ပြီး ဘယ်လိုခင်ဗျားတို့ ဈေးကွက်ရှာမလဲဆိုတာလည်း စဉ်းစားမယ်ဆိုရင် ပိုပြီးကောင်းပါလိမ့်မယ်။ တစ်ခုကတော့ မြန်မာနိုင်ငံမှာရှိတဲ့ သဘာဝထုတ်ကုန်ပစ္စည်းတွေကို အခြေခံပြီးထုတ်လုပ်တဲ့ တန်ဖိုးမြှင့်ပစ္စည်းတွေ ထုတ်လုပ်ခြင်းလုပ်ငန်း၊ နောက် ခင်ဗျားတို့နိုင်ငံကနေ တိုက်ရိုက်လာပြီးတော့မှ Investment လုပ်ပြီးတော့မှ ခင်ဗျားတို့ရဲ့ နည်းပညာနဲ့ ခင်ဗျားတို့ပစ္စည်းတွေကို ထုတ်လုပ်ပြီးတော့မှ သွားတဲ့လုပ်ငန်း၊ ဒီနှစ်ခုလုံးကို မြန်မာနိုင်ငံမှာလာလုပ်မယ်ဆိုရင် ကျွန်တော်ပြောရပါတယ်။ မုချအကျိုးရှိပါလိမ့်မယ်။

မနေ့ကလည်း အဆွေတော်တို့သမ္မတကြီးနဲ့ ကျွန်တော်တွေ့တယ်။ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်နဲ့ ပတ်သက်ပြီး တော်တော်များများဆွေးနွေးသဘောတူညီချက်ရယူခဲ့တာရှိပါတယ်။ လက်ရှိကြုံတွေ့နေရတဲ့ တချို့သောအခက်အခဲတွေကို ခင်ဗျားတို့ခေါင်းထဲမှာ သိပ်မထည့်ပါနဲ့ ဒါတဒင်္ဂသာဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒီအခက်အခဲတွေကို အားလုံးကျော်လွှားနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အရေးကြီးတာတော့ လုပ်ချင်တယ်ဆိုတဲ့၊ လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်ပဲဖြစ်ပါတယ်။ ဒီအတွက်ကြောင့် မိတ်ဆွေရုရှားနိုင်ငံသူ၊ နိုင်ငံသားများနဲ့ လုပ်ငန်းရှင်အားလုံးကိုကြိုဆိုပါကြောင်း ကျွန်တော်ပြောလိုပါတယ်။ လိုအပ်လို့ရှိရင်လည်း မြန်မာနိုင်ငံမှာ ကျွန်တော်ကိုယ်တိုင် ခင်ဗျားတို့နဲ့ ထပ်တွေ့ပါမယ်။ ကျေးဇူးတင်ပါတယ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ရုရှား-မြန်မာ စီးပွားရေးဖိုရမ်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းအား ရုရှားမီဒီယာများက မေးမြန်းရာ အောက်ပါအတိုင်းပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

ဒီရုရှားရောက်တဲ့အခါမှာ H.E. Vladimir Vladimirovich Putin နဲ့တင် မကဘဲနဲ့ ရုရှားရဲ့ လုံခြုံရေးကောင်စီအတွင်းရေးမှူး၊ ပြီးရင် ရုရှားအထက်လွှတ်တော်ဥက္ကဋ္ဌ ၊ ရုရှားဒူးမားလွှတ်တော် ဥက္ကဋ္ဌ ၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ရုရှားမှာရှိတဲ့ ခေါင်းဆောင်တွေအားလုံးနဲ့ တွေ့ဆုံခဲ့ပါတယ်။ အနှစ်ချုပ်ကတော့ မြန်မာ-ရုရှား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမယ်။ စီးပွားရေး၊ နိုင်ငံရေး ၊ လူမှုရေး၊ ကာကွယ်ရေး အားလုံးမြှင့်တင်သွားမှာဖြစ်ပါတယ်။ သမ္မတကြီး H.E. Vladimir Vladimirovich Putin နဲ့ဆုံတွေ့တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ မြန်မာ-ရုရှားပေ့ါ မိတ်ဖက်ဆက်ဆံရေး၊ မဟာမိတ်ဆက်ဆံရေး ခိုင်မာတဲ့ဆက်ဆံရေး ဖန်တီးနိုင်ခဲ့တယ်။ ကျွန်တော်တို့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကဏ္ဍပေါင်းစုံမှာအားလုံးတိုးမြှင့်နိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့တယ်။ ဒီနေ့ရုရှား-မြန်မာ MYANMAR– RUSSIAN Business Forum တွေပါတယ်။ သူ့ရဲ့အချိတ်အဆက်တွေလည်းဖြစ်ပါတယ်။ ယုံကြည်စိတ်ချရဆုံးနဲ့ မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေဖြစ်နေမယ့်နိုင်ငံကြီးတစ်နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့ရေးရာမှာရော မြန်မာ့ရေးရာမှာရော ရုရှားနိုင်ငံက မြန်မာနိုင်ငံဘက်ကနေ ရပ်တည်ပေးခဲ့တာကို ကျွန်တော်တို့ အထူးကျေးဇူးတင်ပါတယ်။

၁၁၀ မဂ္ဂါဝပ်အားရှိတဲ့ နျူကလီးယားဓာတ်ပေါင်းဖိုကို ရုရှားရဲ့အကူအညီနဲ့ တည်ဆောက်ပါမယ်။ ဒ့ါအပြင် အရှေ့တောင်အာရှမှာ အရေးကြီးတဲ့ စီးပွားရေးအရ အခြေခံကောင်းမွန်လာမယ့် ထားဝယ်ရေနက်ဆိပ်ကမ်းကို ရုရှားနဲ့ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါသည် အလွန်ကြီးမားတဲ့ Project ကြီးဖြစ်ပါတယ်။ ဒ့ါအပြင် ထားဝယ်ရေနက်ဆိပ်ကမ်းကို အသုံးပြုခြင်းအားဖြင့် ကုန်းတွင်းလမ်းကို အသုံးပြုပြီးတော့ကြ မလက္ကာရေလက်ကြားကို အသုံးမပြုဘဲနဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းကနေ ဗီယက်နမ်မှာရှိတဲ့ ဒါနန်း (Da Nang) ဆိပ်ကမ်း ၊ အခြားဆိပ်ကမ်းတွေနဲ့ ချိတ်ဆက်ခြင်းအားဖြင့် မလက္ကာရေလက်ကြားကို မဖြတ်ဘဲနဲ့သွားနိုင်တဲ့ လမ်းကြောင်းသစ်တစ်ခုပေါ်လာမှာဖြစ်တယ်။ ဒီရေနက်ဆိပ်ကမ်းက ဘာကြောင့်အရေးပါလဲဆိုလို့ရှိရင် ထားဝယ်ရေနက်ဆိပ်ကမ်းက ဘယ်နေရာရှိလဲဆိုရင် မြန်မာနိုင်ငံအောက်ပိုင်းမှာရှိတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းအောက်မှာ မလက္ကာရေလက်ကြားဆိုတာရှိတယ်။ ဒီမလက္ကာရေလက်ကြားဆိုတာက တောင်တရုတ်ပင်လယ်နဲ့ဟိုဘက်မှာရှိတဲ့ အိန္ဒိယသမုဒ္ဒရာနှစ်ခုဆက်ပေးထားတာဖြစ်တယ်။

စိန့်ပီတာစဘတ်မှာ မြန်မာ-ရုရှားတွေ့ပြီးတော့ ရင်းနှီးမှုမြှင့်တင်နိုင်ရေးအတွက်ကြောင့် ကောင်စစ်ဝန်ချုပ်ရုံးအသစ် သွားရောက်ဖွင့်လှစ်မှာဖြစ်တယ်။ ပြီးရင် ဘီလာရုစ်ကိုသွားမယ်။ ပြန်လာရင် ကျွန်တော်တို့ ရုရှားမှာရှိတဲ့ ဗလာဒီဗော့စတော့ကိုသွားမယ်၊ အဲဒီမှာလည်း ကောင်စစ်ဝန်ချုပ်ရုံးအသစ်တစ်ခုဖွင့်မယ်။ ကျွန်တော်ပြောချင်တာကတော့ ဒီနေ့ကနေစပြီးတော့ မြန်မာ-ရုရှားဆက်ဆံရေး ပိုမိုခိုင်မာစေဖို့၊ ပိုမိုတည်မြဲစေဖို့ သမိုင်းကဏ္ဍအသစ်ကို ဖွင့်လှစ်နိုင်ပြီဖြစ်တယ်လို့ ဝမ်းမြောက်ဝမ်းသာပြောချင်ပါတယ်။

(၁၀၀)

## မဲခေါင်-လန်ချန်းစီမံကိန်း (၂၀၂၁) ပိတ်သိမ်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၅**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်း (၂၀၂၁)ဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်က ဆောင်ရွက်သည့် ဆိုလာပြားများ၏စွမ်းဆောင်ရည်လက္ခဏာများနှင့် အမျိုးအစားရွေးချယ်ခြင်းဆိုင်ရာ သုတေသနစီမံကိန်း ပိတ်သိမ်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Sky Star ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ရန်ကုန်မြို့ရှိ လာအိုနိုင်ငံသံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ၊ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဤစီမံကိန်းသည် မြန်မာနိုင်ငံအပါအဝင် မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများရှိ အပူချိန်မြင့်မားပြီး စိုထိုင်းဆမြင့်မားသော ရာသီဥတုအခြေအနေတွင် အသုံးပြုနေသည့် ဆိုလာပြားများမှ လျှပ်စစ်ဓာတ်အားထုတ်ယူမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အခြေခံအုတ်မြစ်ကောင်းတစ်ခုဖြစ်ရုံမျှမက နိုင်ငံတကာသုတေသနစီမံကိန်းပူးပေါင်းဆောင်ရွက်မှုကိုလည်း အားကောင်းခိုင်မာစေကြောင်း၊ စီမံကိန်းကာလအတွင်း ရရှိခဲ့သည့်အချက်အလက်များနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် တည်ထောင်နိုင်ခဲ့သည့် ဆိုလာသုတေသန ဓာတ်ခွဲခန်းနှင့် ဆိုလာအမိုးတင်ကားပါကင်စနစ်တို့ကို ဆက်လက်သုတေသနပြုဆောင်ရွက်ကာ ဆိုလာနည်းပညာ စွမ်းရည်များကို ဆက်လက်မြှင့်တင်ဆောင်ရွက်ရန်နှင့် သုတေသနရလဒ်များကို ဆက်စပ်ဌာနများသို့ လွှဲပြောင်းပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါစီမံကိန်းတွင် ထိုင်းနိုင်ငံမှ ချူလာလန်ကွမ်း (Chulalangkorn) တက္ကသိုလ်၊ ဗီယက်နမ်နိုင်ငံမှ ဟိုချီမင်းနည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံမှ ရန်ကုန်နည်းပညာတက္ကသိုလ်၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနနှင့် ပြင်ပဆိုလာကုမ္ပဏီများမှ ဆိုလာကျွမ်းကျင်သုတေသီများက သင်တန်းဆရာများအဖြစ် ပို့ချပေးခဲ့ပြီး မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ သင်တန်းသား ၃၃ ဦးတက်ရောက်ကာ တောင်ကြီး၊ မကွေးနှင့်ဧရာဝတီဒေသများ၌ ဆိုလာစနစ်များကို ကွင်းဆင်းသုတေသနပြုခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

◆ စာမျက်နှာ ၁၅ မှအဆက်

ဆွေးနွေးလိုသည်များနှင့် ထပ်မံဖြည့်စွက်တင်ပြရန်ရှိပါက တင်ပြကြရန် ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအား စိစစ်ပြီးစီးမှုအခြေအနေ၊ ဌာနအဖွဲ့အစည်းများက တင်ပြလာသည့် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ၊ ဝန်ကြီးဌာနများအနေဖြင့် ဘဏ္ဍာနှစ်အတွင်းရရှိရန် ဆောင်ရွက်ရမည့် နိုင်ငံခြားသုံးငွေနှင့် အခွန်အကောက်ရငွေပြည့်မီနိုင်ရေးအတွက် လျာထားဆောင်ရွက်ပေးထားမှုအခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးဆိုင်ရာ ငွေစာရင်းများနှင့်စပ်လျဉ်း၍ ကြိုတင်စိစစ်ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ရငွေ၊ သုံးငွေစာရင်းများအပေါ် စာရင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

> ❖ မူလခန့်မှန်းခြေငွေစာရင်း (Budget Estimate) နှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(Revised Estimate) တို့ တင်ပြရာတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအနေဖြင့် အမှန်တကယ်လိုအပ်ချက်များကို ဖြစ်နိုင်ခြေနှင့်တွက်ချက်စိစစ်ပြီးမှသာ တင်ပြကြစေလို. . .

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် ဆွေးနွေးတင်ပြကြပြီး ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ကြီးဌာနများအနေဖြင့် အသုံးစရိတ်များ တင်ပြတောင်းခံရာတွင် စနစ်တကျ စိစစ်ပြီးမှသာ တင်ပြကြစေလိုကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် ရရှိနိုင်သည့်ဘဏ္ဍာငွေကို အပြည့်အဝရရှိရေးဆောင်ရွက်ကြရန်နှင့် သုံးစွဲမှုအပိုင်းတွင်လည်း အလေအလွင့်မရှိအောင် စိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

> ❖ ဝန်ကြီးဌာနများအနေဖြင့် အသုံးစရိတ်များတင်ပြတောင်းခံရာတွင် စနစ်တကျ စိစစ်ပြီးမှသာ တင်ပြကြစေလို၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် ရရှိနိုင်သည့်ဘဏ္ဍာငွေကို အပြည့်အဝရရှိရေးဆောင်ရွက်ကြရန်နှင့် သုံးစွဲမှုအပိုင်းတွင်လည်း အလေအလွင့်မရှိအောင် စိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်. . .

## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့နေ့လယ်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြားဆောင်ရွက်နေသည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်တို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးမြှင့်ရေးအပါအဝင် အကျိုးဖြစ်ထွန်းသည့် ရလဒ်များရရှိရေးအတွက် နှစ်နိုင်ငံအကြားတည်ထောင်ထားရှိသည့် ယန္တရားများကို အသုံးချနိုင်ရေး အရေးပါမှုတို့ကို အလေးထားဆွေးနွေးခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)



## လဟယ် - လေရှီး မြို့နယ်ချင်းဆက်မြေသားလမ်း ၂၂၅ မိုင် ၄ ဖာလုံအနက် ကျောက်ရောမြေအမာခံလမ်း ၁၀ မိုင် ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



နေပြည်တော် မတ် ၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လဟယ်-လေရှီး မြို့နယ်ချင်းဆက်မြေသားလမ်း ၂၂၅ မိုင် ၄ ဖာလုံအနက် လဟယ်ဘက်ခြမ်း ကျောက်ရောမြေအမာခံလမ်း ၁၀ မိုင်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့နယ်ချင်းဆက်လမ်းအား အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာပေါင်း ကိုးရွာမှ အိမ်ခြေ ၂၂၄၇ အိမ်၊ လူဦးရေ ၁၁၂၄၈ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
| --- | --- | --- |
| နေပြည်တော် | ၁၈˚c / | ၃၅˚c |
| ရန်ကုန် | ၂၂˚c / | ၃၇˚c |
| မန္တလေး | ၂၁˚c / | ၃၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများစိစစ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများစိစစ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❖ **ရငွေအပိုင်းနှင့် အသုံးစရိတ်အပိုင်းအပေါ်မူတည်ပြီး ဂျီဒီပီကိုတွက်ချက်ရသည်ဖြစ်၍ လိုငွေနှင့်ဂျီဒီပီအချိုးကို နှိုင်းယှဉ်ရသည့်အပိုင်းတွင် သုံးစွဲသည့်ငွေအပိုင်း၌ ရငွေများအားလုံး မသုံးစွဲနိုင်ပါက ရငွေသုံးစွဲမှုအပေါ်မူတည်၍ ဂျီဒီပီလျော့နည်းသကဲ့သို့ အမှန်တကယ်သုံးစွဲရန်လိုအပ်သည့်ဝန်ကြီးဌာနမှ အဆိုပါငွေအား စောစီးစွာသုံးစွဲနိုင်ပါကလည်း စီမံကိန်းနှင့်လုပ်ငန်းများ ပြီးစီးသွားမည်ဖြစ်ပြီး ယင်းဝန်ကြီးဌာန၏ဂျီဒီပီမှာလည်း တိုးတက်လာမည်ဖြစ်. . .**

နေပြည်တော် မတ် ၅

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများစိစစ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာချာလီသန်းနှင့် Jeng Phang နော်တောင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက်ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ၊ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ ကြိုတင်စိစစ်ရေးကော်မတီက စိစစ်ထားပြီးသည့်အပေါ် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌထံသို့ မတင်ပြမီ နောက်ဆုံးအဆင့်စိစစ်ရန်အတွက်ဆွေးနွေးညှိနှိုင်းသည့်အစည်းအဝေးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် အရ၊ အသုံး ခန့်မှန်းခြေစာရင်းလျာထားရေးဆွဲရာတွင် ယေဘုယျအနေဖြင့် လိုငွေနှင့်ဂျီဒီပီအချိုး(၅ ရာခိုင်နှုန်း)ထက် မကျော်စေရေးဂရုပြုဆောင်ရွက်ရကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအပေါ် သုံးသပ်ကြည့်ပါက နိုင်ငံတော်၏စီးပွားရေးနှင့် ပတ်သက်၍ ဝင်ငွေရှာဖွေပေးရသည့် သက်ဆိုင်ရာဝန်ကြီးဌာနအချို့နှင့် အဖွဲ့အစည်းအချို့အနေဖြင့်အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်လျာထားသည့် ရငွေပိုင်းပြည့်မီခြင်းမရှိသည်များကို တွေ့ရှိရသကဲ့သို့ သုံးစွဲသည့် အသုံးစရိတ်ပိုင်းတွင်လည်း မလိုအပ်ဘဲ လိုရမယ်ရတင်ပြတောင်းခံထားသည်များ၊ အချို့ စီမံကိန်းပြီးနိုင်သည်ဟု ယူဆပြီး တောင်းခံသည်များရှိခဲ့ကြောင်း၊ ဘဏ္ဍာရေးနှစ် တစ်နှစ်ကုန်ဆုံးချိန်နီးမှသာ အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းများ ပြီးစီးအောင်မဆောင်ရွက်နိုင်ခြင်း၊ တချို့လုပ်ငန်းများ မစတင်နိုင်ခြင်း စသည့် အကြောင်းပြချက်များဖြင့် ပိုလျှံငွေများ ပြန်လည်အပ်နှံသည့်အတွက် နိုင်ငံတော်၏ အထွေထွေပိုလျှံငွေ များစွာဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ရငွေအပိုင်းနှင့် အသုံးစရိတ်အပိုင်းအပေါ်မူတည်ပြီး ဂျီဒီပီကိုတွက်ချက်ရသည်ဖြစ်၍ လိုငွေနှင့်ဂျီဒီပီအချိုးကို နှိုင်းယှဉ်ရသည့်အပိုင်းတွင် သုံးစွဲသည့်ငွေအပိုင်း၌ ရငွေများအားလုံး မသုံးစွဲနိုင်ပါက ရငွေသုံးစွဲမှုအပေါ်မူတည်၍ ဂျီဒီပီလျော့နည်းသကဲ့သို့ အမှန်တကယ်သုံးစွဲရန်လိုအပ်သည့် ဝန်ကြီးဌာနမှ အဆိုပါငွေအား စောစီးစွာသုံးစွဲနိုင်ပါကလည်း စီမံကိန်းနှင့် လုပ်ငန်းများပြီးစီးသွားမည်ဖြစ်ပြီး ယင်းဝန်ကြီးဌာန၏ဂျီဒီပီမှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စမှာ အင်မတန်အရေးကြီးသည့် အနေအထားဖြစ်ကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၂/၂၀၂၄) အစည်းအဝေးတွင် **"ဘဏ္ဍာငွေနှင့်ပတ်သက်ပြီး စိစိစစ်စစ်သုံးသင့်ကြောင်း၊ မလိုဘဲနှင့်တောင်းခြင်း၊ လိုရမယ်ရတောင်းခြင်း၊ မလုပ်နိုင်ဘဲနှင့် တောင်းခြင်းများရှိသည့်အတွက် စိစစ်ပြီးတောင်းပါက မူလခန့်မှန်းခြေငွေစာရင်းများစွာလျော့ကျသွားနိုင်ကြောင်း"** လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် လိုအပ်သည့် စီမံကိန်း၊ မလိုအပ်သည့် စီမံကိန်းများ အပေါ်မူတည်၍ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဖွဲ့အစည်းများက စိစစ်၍ တင်ပြတောင်းခံကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ပြင် နိုင်ငံတော်က ရငွေပိုင်းကိုခွဲဝေရာတွင်နိုင်ငံတော်၏စီးပွားရေးပိုမိုတိုးတက်စေရေး မောင်းနှင်အားတစ်ခုအဖြစ် အသစ်ဖွဲ့စည်းထားသည့်စက်မှုဖွံ့ဖြိုးရေးကော်မရှင်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်များကလည်း နိုင်ငံ၏စီးပွားရေးတိုးတက်ရန်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်က ဖွဲ့စည်းပေးလိုက်သည့် ဝန်ကြီးဌာနများနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြမည်ဖြစ်ရာ လိုအပ်မည့် အသုံးစရိတ်များကိုလည်း တိုးမြှင့်သုံးစွဲကြမည့်အနေအထားရှိပါကြောင်း၊ တစ်ဖက်ကလည်း သုံးစွဲရန်မလိုသည့်ရငွေများကို အဆိုပါကော်မရှင်နှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများအား လိုအပ်ချက်အရ ခွင့်ပြုပေးခြင်းအားဖြင့် ဂျီဒီပီပိုင်းတွင် များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ဂျီဒီပီတိုးတက်လာသကဲ့သို့ ရငွေပိုင်းတွင်လည်း တိုးတက်လာမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ နောင်မူလခန့်မှန်းခြေငွေစာရင်း (Budget Estimate) နှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(Revised Estimate) တို့ တင်ပြရာတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအနေဖြင့် အမှန်တကယ်လိုအပ်ချက်များကို ဖြစ်နိုင်ခြေနှင့်တွက်ချက်စိစစ်ပြီးမှသာ တင်ပြကြစေလိုကြောင်း၊ ကြိုတင်စိစစ်ရေးကော်မတီနှင့်တာဝန်ရှိသူများ၏ စိစစ်တွေ့ရှိချက်များအရ ဖြစ်ပေါ်လာသည့် အနေအထားကို ကြည့်မည်ဆိုပါက ဝန်ကြီးဌာနများ မူလတင်ပြလာသည်မှာ ရငွေနှင့်သုံးငွေလျာထားချက်အရ လိုငွေနှင့် ဂျီဒီပီအချိုးသည် ၇ ဒသမ ၀၄ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း၊ ၎င်းအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိဌာနနှစ်ခုနှင့် ကော်မတီသုံးရပ်မှစိစစ်ရာတွင် လိုငွေနှင့် ဂျီဒီပီအချိုးသည် ၆ ဒသမ ၅၆ ရာခိုင်နှုန်းထိ စိစစ်တွေ့ရှိခဲ့ကြောင်း၊ ယင်းအပေါ် ဒုတိယဝန်ကြီးနှင့်အဖွဲ့က ထပ်မံစိစစ်ခဲ့ရာ ၅ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထပ်မံစိစစ်ခဲ့ရာ လိုငွေနှင့် ဂျီဒီပီအချိုး၏ ၅ ဒသမ ၂၄ ရာခိုင်နှုန်းအထိ လျာထား စိစစ်နိုင်ခဲ့ကြောင်းကို တွေ့ရှိရကြောင်း။

နောက်ဆုံးအဆင့်ဖြစ်သည့် ကြိုတင်စိစစ်ရေးကော်မတီ ကော်မတီဥက္ကဋ္ဌနှင့် အရေးကြီးဝန်ကြီးဌာနများ စုပေါင်း၍ မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များ၊ မလိုအပ်ဘဲ မလုပ်နိုင်သည့် စီမံကိန်းများ၏ အသုံးစရိတ်များကို အတိုး/အလျှော့ပြုလုပ်ပြီး လျာထားဂျီဒီပီကိုလည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းလျာထားမှု အပေါ်တွက်ချက်ခဲ့ပြီး ရလဒ်အပေါ် လိုငွေနှင့် နှိုင်းယှဉ်ချက်အရ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄ ဒသမ ၇၄ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်ကိုတွေ့ရ၍ လိုငွေနှင့်ဂျီဒီပီအချိုး ၅ ရာခိုင်နှုန်းထက်မပိုသော ငွေပမာဏအား အသစ်ဖွဲ့စည်းပေးထားသည့် ကော်မရှင် ၃ ရပ်နှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၊ အခြားသော မဖြစ်မနေပံ့ပိုးထောက်ပံ့ရမည့် ခေါင်းစဉ်များသို့ ရန်ပုံငွေကို လိုအပ်ချက်အပေါ်မူတည်၍ ထပ်မံပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသုံးစရိတ်များ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအသုံးစရိတ်များကိုလည်း ထည့်သွင်းလျာထားရမည်ဖြစ်ကြောင်း၊ ကြိုတင်စိစစ်ရေးကော်မရှင်က စိစစ်ပြီးချိန်တွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ထပ်မံ၍လိုအပ်ချက်အရ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် စီမံကိန်းများဆောင်ရွက်ရန် ထပ်မံညွှန်ကြားချက်များရှိလာနိုင်သဖြင့် ခွင့်ပြုပေးနိုင်ရန်ကြိုတင်ဆောင်ရွက်ထားရန်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လျာထားရေးဆွဲသည့် ရငွေ၊ သုံးငွေများနှင့် ပတ်သက်၍

စာမျက်နှာ ၁၄ သို့ ◆

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိလျက်ရှိသည့် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိနေသည့် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၄ ရက်၊ ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိနေသည့် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားအရာရှိများအား မော်စကိုမြို့ရှိ Radisson Collection ဟိုတယ် Conference Hall ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးသစ်လင်းအုန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိလျက်ရှိသည့် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားအရာရှိများတက်ရောက်ကြသည်။

တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံသို့ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်းဖြစ်ပြီး သာမန်ချစ်ကြည်ရေးခရီးစဉ်ထက် ပိုမိုလေးနက်သည့် ချစ်ကြည်ရေးခရီးစဉ်တစ်ခုဖြစ်ကြောင်း၊ ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတအပါအဝင် ရုရှားနိုင်ငံဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ ၂ ဦးတို့ဖြင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးမှုများတွင် စစ်ဘက်၊ အရပ်ဘက် ပညာသင်ကြားရေးကိစ္စရပ်များလည်း ပါဝင်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ပညာတော်သင်များ စေလွှတ်ရာတွင် သာမန်ထက်ထူးချွန်သည့်သူများကို ရွေးချယ်၍ ပညာတော်သင်များစေလွှတ်ခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရေးသာမက ရုရှားဘာသာစကားတတ်မြောက်ရေးအတွက်လည်း အခြေခံများသင်ကြားပြီးမှ ရုရှားနိုင်ငံသို့ ပညာတော်သင်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ယခင်တပ်မတော်ခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားစွာဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့် တန်ဖိုးမဖြတ်နိုင်သောလူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် မိမိတို့ကိုယ်ကိုတန်ဖိုးထားစေချင်ကြောင်း၊ နိုင်ငံအတွက်လိုအပ်ချက်များရှိခြင်းကြောင့် ပညာတော်သင်များစေလွှတ်ခြင်းဖြစ်ကြောင်း၊ မိမိတို့သည် ရွေးချယ်ခံရသည့် ထူးချွန်သူများဖြစ်သည်နှင့်အညီ ဆက်လက်၍လည်းကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းလိုကြောင်း။

ဘွဲ့လွန်ပညာများသင်ကြားရာတွင် အချိန်နှင့်ငွေကြေးများ စိုက်ထုတ်သုံးစွဲရကြောင်း၊ မိမိကိုယ်တိုင်ကုန်ကျရခြင်းများရှိသကဲ့သို့ နိုင်ငံတော်မှ ငွေကြေးကုန်ကျရခြင်းများလည်းရှိကြောင်း၊ မိမိတို့၏အချိန်၊ ငွေကြေးနှင့် လုပ်အားများ ပေးဆပ်ထားရခြင်းကြောင့် ပညာသင်ကြားမှုများ မထိခိုက်အောင် ဆောင်ရွက်ကြရန်နှင့် သာမန်ထက်ထူးချွန်သည့်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထူးချွန်ထက်မြက်သည့် ထိုက်တန်သောဘွဲ့ရပညာတတ်များဖြစ်ကြစေလိုကြောင်း၊ ထူးချွန်စွာဆောင်ရွက်နိုင်မည်ဆိုပါက "သားရွှေအိုးထမ်းလာသည်" ဆိုသကဲ့သို့ နိုင်ငံတော်အတွက် အကျိုးခံစားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပညာတတ်လူသားအရင်းအမြစ်များ များစွာလိုအပ်နေသေးကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ များစွာလိုအပ်ကြောင်း၊ ကျောင်းနေအရွယ်တွင် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများသည် လူတစ်ဦးအတွက် စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှုနှင့် အသိပညာ၊ အတတ်ပညာများတွင် ပညာရေးအားနည်းသူများထက် ပိုမိုသာလွန်သည်ကိုတွေ့ရကြောင်း၊ နိုင်ငံသားအားလုံး ပညာတတ်များဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရည်မြင့်မားစေရေးအတွက် KG + 9 ထိ ပညာသင်ကြားနိုင်ရေး အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပညာရေးစနစ်၊ ဥရောပနိုင်ငံများ၏ ပညာရေးစနစ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများ၏ ပညာရေးစနစ်ကိုလေ့လာ၍ နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့် ကဏ္ဍများကို ဆောင်ရွက်ပေးကြစေလိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်ပြီး AI ခေတ်အထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတိုင်းသည် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပညာနှင့်ပတ်သက်၍နောက်ကျမကျန်နေစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းအားထုတ်နေရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွက်လိုအပ်သည့်နည်းပညာများတိုးတက်စေရေး ကြိုးပမ်းသင်ယူကြရန်လိုကြောင်း၊ အလားတူ AI နှင့်ပတ်သက်၍လည်း စဉ်ဆက်မပြတ်လေ့လာနေရန်လိုကြောင်း၊ အကောင်းဘက်ကိုဦးတည်သည့် AI နည်းပညာများကို လေ့လာသင်ယူကြရန်လိုကြောင်း။

ပညာတော်သင်အရာရှိများအနေဖြင့် နိုင်ငံတော်အပေါ်သစ္စာစောင့်သိရန်လိုကြောင်း၊ တပ်မတော်သားများသည် နိုင်ငံတော်အတွက် မိမိတို့၏အသက်ကိုပေးဆပ်မည်ဟု သစ္စာဆို၍ဝင်လာသူများဖြစ်သဖြင့် နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် ကိစ္စရပ်များဆောင်ရွက်ခြင်းမပြုမိအောင် စောင့်ထိန်းရန်လိုကြောင်း၊ နိုင်ငံတော်နှင့်တပ်မတော်အပေါ်သစ္စာရှိရှိဖြင့် ခံယူချက်ရှိစွာဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက်လည်း ပါတီနိုင်ငံရေးများကင်းရှင်းကြရန်လိုကြောင်း။

စာပေများဖတ်ရှုလေ့လာမှုမှရရှိသည့် အသိပညာအတွေ့အကြုံများသည် မိမိ၏အလုပ်၊ မိမိ၏ ဌာန၊ မိမိ၏ နိုင်ငံအတွက် အထောက်အကူရအောင် ရည်မှန်းချက်ထားစေချင်ကြောင်း၊ နေပြည်တော်တွင် တည်ထားကိုးကွယ်သည့် ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ရုပ်ပွားတော်မြတ်များတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် ရုရှားနိုင်ငံတွင် ပညာသင်ကြားခဲ့သည့် အင်ဂျင်နီယာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များပါဝင်ကြောင်း၊ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်များကိုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဘာသာရပ်များအလိုက် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် လူငယ်အရာရှိများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မိမိအနေဖြင့် တိုက်တွန်းမှာကြားလိုကြောင်း။

ရုရှားဘာသာရပ်နှင့်ပတ်သက်၍ အသုံးချခြင်းအားဖြင့် ရုရှား-မြန်မာ ချစ်ကြည်ရေးကို တိုးတက်စေရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အစိုးရခေတ်အဆက်ဆက်တွင် ရုရှားနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံဘက်မှ ထောက်ခံရပ်တည်ပေးခဲ့သကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရုရှား-မြန်မာချစ်ကြည်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ကိုယ်တိုင်သစ္စာရှိရန်၊ မိမိအဖွဲ့အစည်းအပေါ်သစ္စာရှိရန်နှင့် နိုင်ငံတော်အပေါ်သစ္စာရှိရန်အလေးထားမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့သို့ရောက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadyevich Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

နေပြည်တော် မတ် ၅

ရုရှားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး ခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadyevich Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူသည်။ ထိုသို့ဂုဏ်ပြုတပ်ဖွဲ့မှ ပို့ဆောင်နှုတ်ဆက်စဉ် မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံတော်တေးသီချင်းများကို တီးမှုတ်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန်ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo လေဆိပ်သို့ ရောက်ရှိကြရာ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ ဗစ်တရာဗစ်ချ် လတ်ဗ်ရော့အား ပေးအပ်ချီးမြှင့်သည့် စည်သူဘွဲ့အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ချီးမြှင့်အပ်နှင်း

နေပြည်တော် မတ် ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ ဗစ်တရာဗစ်ချ် လတ်ဗ်ရော့အား ပေးအပ်ချီးမြှင့်သည့် စည်သူဘွဲ့အား ခရီးစဉ်တွင် လိုက်ပါလာသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား ၅-၃-၂၀၂၅ ရက်နေ့၊ ၁၀၃၀ နာရီက ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၌ ချီးမြှင့်အပ်နှင်းခဲ့သည်။

ချီးမြှင့်ပွဲအပြီးတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးနှင့် မြန်မာနိုင်ငံက အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး၏ ညှိနှိုင်းရေးတာဝန်ခံ နိုင်ငံတာဝန်ထမ်းဆောင်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ ဗစ်တရာဗစ်ချ် လတ်ဗ်ရော့အား စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers supplementary speech at Myanmar-Russia Economic Forum






Senior General Min Aung Hlaing gives guidance at the Myanmar-Russia Economic Forum.

NAY PYI TAW March 5

The Russia-Myanmar Business Forum, jointly organized by the Myanmar Embassy to the Russian Federation, the Republic of the Union of Myanmar Federation of Chambers of Commerce and Industry-UMFCCI and Myanmar Airways International (MAI), Roscongress Foundation, Fund RC-Investments, Russia-ASEAN Business Council and Russia-Myanmar Business Council,

See Page - 22

# SAC Chairman Prime Minister Senior General Min Aung Hlaing holds talks with Minister of Defence of the Russian Federation

NAY PYI TAW March 5

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, currently in Moscow of the Russian Federation, held a meeting with Minister of Defence of the Russian Federation Mr. Andrei Removich at the meeting hall of the Ministry of Defence of the Russian Federation this morning.

The meeting was also attended by SAC Joint Secretary General Ye Win Oo, Council member General Nyo Saw, National Security Adviser Admiral Moe Aung, Myanmar Ambassador to the Russian Federation U Thit Linn Ohn, senior military officers of the Office of the Commander-in-Chief (Army) and the Myanmar Military Attaché (Army, Navy and Air). The Minister of Defence of the Russian Federation was accompanied by Secretary of the Russian Federation Security Council Mr. Sergey Kuzhugetovich Shoigu, officials of the Ministry of Defence and senior officers from the Russian armed forces.

On arrival at the Ministry of Defence, the Senior General and his entourage were cordially welcomed by the Minister of Defence of the Russian Federation.



မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့ကောင်းများ ရရှိစေရန်ရည်ရွယ်၍ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အသင်းက ဦးဆောင်ကျင်းပသည့် နိုင်ငံငါးနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ ဆွေးနွေးပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းရှိ Esperado Lake View Hotel ၌ မတ်လ ၃ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပါဝင်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ၏စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**ဦးဇော်ဇော်နိုင်(ဥက္ကဋ္ဌ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

အခုဆွေးနွေးပွဲမှာ အိန္ဒိယ၊ ကနေဒါ၊ စင်ကာပူ၊ မလေးရှားနဲ့ တောင်အာဖရိက နိုင်ငံတွေက ကိုယ်စားလှယ်တွေပါဝင်ပါတယ်။ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍအတွက် ကနေဒါ၊ အိန္ဒိယ စတဲ့နိုင်ငံတွေက နည်းပညာတွေရရှိမှာဖြစ်တဲ့အတွက် စီးပွားရေးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေမယ့် ဆွေးနွေးမှုတွေဖြစ်ပါတယ်။ မလေးရှားနိုင်ငံက မြန်မာနိုင်ငံမှာ စားအုန်းဆီ၊ ဒူးရင်းသီးစိုက်ပျိုးရေးနဲ့ တခြားသော စီးပွားရေးလုပ်ငန်းတွေလည်း လာရောက်လုပ်ကိုင်ချင်ကြတယ်။ စင်ကာပူနိုင်ငံကတော့ မြေရှားပါးတဲ့အတွက် စိုက်ပျိုးရေကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှာ မြန်မာနိုင်ငံကို စိတ်ဝင်စားနေတာရှိပါတယ်။ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍမှာ တက်ရောက်တဲ့ နိုင်ငံတွေအပြင် တခြားသော နိုင်ငံတွေနဲ့လည်း အတူပူးပေါင်းဆောင်ရွက်ဖို့ ပြည်တွင်း၊ ပြည်ပမှာဆွေးနွေးပွဲတွေ ဆက်လက်ကျင်းပသွားဖို့ရှိပါတယ်။

ပြီးတော့ မလေးရှားနဲ့ အိန္ဒိယနိုင်ငံမှာ မြန်မာနိုင်ငံနဲ့ စိုက်ပျိုးရေးကဏ္ဍ လက်တွဲဆောင်ရွက်ဖို့ ကွန်ဖရင့်တွေ ဆက်လက်ကျင်းပမှာဖြစ်ပါတယ်။ လာမယ့် ဒီဇင်ဘာလမှာတော့ မြန်မာနိုင်ငံမှာကျင်းပဖို့ သဘောတူထားတာရှိပါတယ်။ ဒီလို ကွန်ဖရင့်ကနေ စိုက်ပျိုးရေးနဲ့ မွေးမြူရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုရလဒ်ကောင်းတွေ ထွက်ပေါ်လာစေမှာပါ။ နိုင်ငံတော်အကြီးအကဲကလည်း မျိုးဆက်သစ်လူငယ်တွေကို ဦးစားပေးတယ်။ ဒါကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍမှာ လူငယ်တွေရဲ့အားနဲ့ တခြားနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်တာကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေဖော်ဆောင်ပေးသွားနိုင်မှာပါ။ အိန္ဒိယနိုင်ငံနဲ့လည်း IT နည်းပညာနဲ့ ဆေးဝါးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်သွားဖို့လည်းရှိပါတယ်။

**ဦးရန်ဝင်း(ဥက္ကဋ္ဌ၊ မြန်မာခရီးသွားဘဏ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်)**

နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍကနေ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ဖို့ လမ်းညွှန်ထားတာရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးလာအောင် အားလုံးပူးပေါင်းဆောင်ရွက်သွားရမှာပါ။ ခရီးသွားကဏ္ဍကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆက်နွှယ်ဆက်စပ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုနိုင်ငံတကာနဲ့ ဆက်သွယ်ပြီး ကွန်ဖရင့်တွေကျင်းပခြင်းဟာ နိုင်ငံအတွက် အကျိုးကျေးဇူးများစွာရရှိစေပါတယ်။ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ဘဏ်လုပ်ငန်းနဲ့ တခြားသောလုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးဖို့ အထောက်အကူဖြစ်စေမှာပါ။ နိုင်ငံတော်က ခရီးသွားကဏ္ဍမြှင့်တင်ဖို့ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ အာဆီယံနိုင်ငံတွေနဲ့ လက်တွဲဆောင်ရွက်နေတာရှိပါတယ်။ နိုင်ငံတော်က လမ်းဖွင့်ဆောင်ရွက်ပေးမှုအပေါ် အဖွဲ့အစည်းတွေက အပြန်အလှန် လက်တွဲပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် နိုင်ငံအတွက် အကျိုးကျေးဇူးတွေရရှိလာမှာပါ။

**Mr.Ravindra Jain (Vice President & President Elect၊ Rotary Club of Yangon)**

ဒီနေ့ပြုလုပ်တဲ့ ကွန်ဖရင့်ဟာ အရေးကြီးပြီး ကောင်းမွန်တဲ့ ကွန်ဖရင့်တစ်ခုလည်း ဖြစ်ပါတယ်။ Mr.Tanga Raja နဲ့ မြန်မာနိုင်ငံက တာဝန်ရှိသူတွေနဲ့ပေါင်းစည်းပြီး ပြုလုပ်ရတဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံ နှစ်နိုင်ငံရဲ့ စီးပွားရေးကို တိုးတက်စေချင်တာဖြစ်ပါတယ်။ အိန္ဒိယနဲ့ မြန်မာနိုင်ငံရဲ့ သွေးရင်းပမာ နှစ်နိုင်ငံဆက်ဆံရေးဟာ ၁၉၄၂ ခုနှစ်ကတည်းက တည်ရှိခဲ့တာပါ။ ပြီးတော့ ကျွန်တော်တို့ နှစ်နိုင်ငံမှာအင်မတန်ကောင်းမွန်ပြီး ခိုင်မြဲတဲ့ ဘာသာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေလည်းရှိနေပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံတွေနဲ့ကောင်းမွန်တဲ့ ဆက်ဆံရေးတွေရှိဖို့ လိုအပ်တယ်ဆိုတာကို အမြဲပြောလေ့ရှိပါတယ်။ မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ပါတယ်။

မြန်မာနိုင်ငံက စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် အိန္ဒိယ-မြန်မာပူးပေါင်းပြီး အရည်အသွေးကောင်းမွန်တဲ့ မျိုးစေ့တွေနဲ့ဆန်းသစ်တဲ့ နည်းပညာတွေရရှိမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍကနေ စီးပွားရေးတိုးတက်မှုတွေရရှိဖို့ အသေအချာပါပဲ။ ဒါကြောင့် များများထုတ်လုပ်ပြီး ဝင်ငွေများများရနိုင်မယ့် အခွင့်အလမ်းကောင်းတစ်ရပ်လို့မြင်မိပါတယ်။ ဒါဟာ ဝမ်းမြောက်ဂုဏ်ယူစရာလည်း ဖြစ်ပါတယ်။

**ဦးရှိန်ဝင်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း)**

အခုကွန်ဖရင့်မှာ နိုင်ငံအတော်များများ ပါဝင်ပါတယ်။ အိန္ဒိယနိုင်ငံကတော့ ပိုပြီး အဓိကကျပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနဲ့ လက်မှတ်ထိုးထားတာရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံဟာ မဖြစ်မနေကုန်သွယ်ရမယ့်နိုင်ငံလည်း ဖြစ်ပါတယ်။ လက်ရှိအိန္ဒိယဟာ တိုးတက်မှုနှုန်းမြင့်မားပြီး မြန်မာနိုင်ငံနဲ့ သဘာဝအခြေခံ အပါအဝင် အသုံးအဆောင်ပစ္စည်းတွေ တော်တော်များများ တူညီကြပါတယ်။ အိန္ဒိယနိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍမှာဆိုရင် အတုယူစရာ များစွာရှိနေပါတယ်။ သုံးစွဲတဲ့ ဓာတ်မြေဩဇာဆိုရင်မူရင်းပျောက်ဆုံးမှုမရှိဘဲ သဘာဝအတိုင်း အသုံးပြုနိုင်တာကို တွေ့ရမှာပါ။ မျိုးစေ့ကဏ္ဍဆိုရင်လည်း အတုယူစရာကောင်းပါတယ်။ ကျွန်တော်တို့နဲ့ လျှပ်စစ်ကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်ဖို့အစီအစဉ်တွေရှိပါတယ်။

ဒီလို ဖိုရမ်တွေများစွာ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာနဲ့ပတ်သက်တဲ့ စာတမ်းတွေ ထွက်လာစေပါတယ်။ ဖွံ့ဖြိုးတဲ့နိုင်ငံတွေနဲ့ချိတ်ဆက်ပြီး ဆောင်ရွက်တာဖြစ်တဲ့အတွက် အကြံဉာဏ်ကောင်းများစွာရရှိတဲ့အပြင် မိတ်ဆွေတွေလည်း တိုးပွားစေတာကြောင့် မြန်မာနိုင်ငံအတွက် တန်ဖိုးဖြတ်လို့မရတဲ့ အခွင့်အလမ်းကောင်းတွေဖြစ်ပါတယ်။

**ဦးအောင်ဇော်ဝင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှာ အိန္ဒိယနဲ့မလေးရှားရဲ့ ပြောင်းလဲတိုး တက်မှုဟာထင်ရှားပါတယ်။ ဒါကြောင့် အိန္ဒိယနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် တောင်သူလယ်သမားကဏ္ဍ ဖွံ့ဖြိုးလာစေမှာအမှန်ပါ။ နိုင်ငံတော်အစိုးရကကျေးလက်တောင်သူတွေရဲ့ လူမှုစီးပွားတိုးတက်အောင်လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် ကျန်တဲ့အသင်းအဖွဲ့တွေကလည်း တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍဟာ အရှိန်အဟုန်နဲ့ဖွံ့ဖြိုးလာမှာပါ။ စီးပွားရေးဖွံ့ဖြိုးမှုဟာ နိုင်ငံအေးချမ်းသာယာစေပြီး ဆင်းရဲချမ်းသာကွာဟမှုတွေကိုလည်း လျော့ကျစေပါတယ်။

ဒေသတွင်းနိုင်ငံတချို့က စီးပွားရေးဖွံ့ဖြိုးတိုးတက်နေပေမယ့် မြေနေရာရှားပါးတာမျိုးရှိတယ်။ ဒါကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍတွေမှာ ရေခံမြေခံကောင်းမွန်တဲ့ နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်လိုကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံလို စိုက်ပျိုးရေးအတွက် အခြေခံကောင်းတွေရှိတဲ့ နိုင်ငံကိုစိတ်ဝင်စားကြတယ်။

ဖွံ့ဖြိုးမှုအပြောင်းအလဲကို ဖော်ဆောင်ပေးနိုင်မယ့် အိန္ဒိယ၊ ကနေဒါ၊ စင်ကာပူ၊ မလေးရှားနဲ့ တောင်အာဖရိကနိုင်ငံတွေရဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးမှု ရလဒ်တွေဟာ ကျွန်တော်တို့ နိုင်ငံရဲ့ ကျေးလက်နေ စိုက်ပျိုးတောင်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ကောင်းများစွာ ရရှိစေမှာဖြစ်ပါတယ်။ **အင်တာဗျူး - သစ္စာ(MNA)၊**

**ဓာတ်ပုံ - မောင်သီ**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှစပြီး မတ်လ ၃၁ ရက်အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှစပြီး ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ “ဝ”အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှစပြီး ဇူလိုင်လ ၃၁ ရက်အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၉:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် ၉:၀၀ နာရီမှ နံနက် ၁၀:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ နံနက် ၁၁:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၁:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၃:၀၀ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၃:၀၀ နာရီမှ ညနေ ၁၅:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ညနေ ၁၅:၀၀ နာရီမှ ည ၁၇:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည ၁၇:၀၀ နာရီမှ ၁၉:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၁:၀၀နာရီအထိ “ဝ”ဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

### ၅-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၉၀,၀၀၀)ကျပ်ဖြစ်**သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နှင့် ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်ရေးဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကွင်းဆင်းကြည့်ရှု



**နေပြည်တော် မတ် ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးတွင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပင်းတယမြို့နှင့် ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်ရေးဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပင်းတယမြို့နှင့် ပတ်ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ရာတွင် သစ်တောမြေပြင်ပရိုမြေနေရာများတွင် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့၊ သစ်တောဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ၊ ဒေသခံများပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးကြောင်း၊ ရွေးချယ်ထားသော မြေနေရာများတွင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ဆက်လက်ထိန်းသိမ်းခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းများအပြင် ကျေးရွာများအနီး မြေနေရာရရှိမှုအပေါ်မူတည်၍ တစ်အုပ်တစ်မစိုက်ခင်းများတည်ထောင်စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရန်အတွက် မြေတူးခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်သွားရန်နှင့် ၂၀၂၅ ခုနှစ် မိုးရာသီအကြိုနှင့် မိုးရာသီအတွင်း စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ခင်းတည်ထောင်ရန် မြေနေရာရရှိမှုအခြေအနေ၊ သက်ဆိုင်ရာဌာနအလိုက် ပေါင်းစပ်ဆောင်ရွက်မည့် အစီအမံများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့နည်းစေရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်းတယမြို့ ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်းတည်ထောင်ရန်နှင့် ရွေးချယ်ထားသောမြေနေရာများနှင့် ဆက်စပ်ဧရိယာများအတွင်း ကွက်လပ်ဖြည့်စိုက်ပျိုးနိုင်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၅**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က ပညာရေးဝန်ကြီးဌာနက ဦးဆောင်၍ ဝန်ကြီးဌာနငါးခုမှ မြန်မာစာပညာရှင်များ၊ နည်းပညာရှင်များ ပူးပေါင်းပြီး ၂၀၂၄ ခုနှစ်မှစတင်၍ နိုင်ငံတော်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ခဲ့ကြောင်း၊ စီမံကိန်း၏တစ်နှစ်တာကာလအတွင်း အအေအိုင်နည်းပညာလုပ်ငန်းများဖြစ်သည့် စကားသံမှ စာသားသို့ပြောင်းလဲသောစနစ် (Speech to Text)၊ စာသားမှစကားသံသို့ ပြောင်းလဲသောစနစ်(Text to Speech)နှင့် ဘာသာပြန်စနစ် (Machine Translation) လုပ်ငန်းများအတွက် နည်းပညာရှင်များက တည်ဆောက်ရာတွင် မြန်မာစာပညာရှင်များက ဘာသာစကားပိုင်းဆိုင်ရာလုပ်ငန်းစဉ်များကို အထောက်အကူပြုပေးနိုင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် သီအိုရီသက်သက်သာမဟုတ်ဘဲ လက်တွေ့အသုံးချနိုင်မည့်နည်းပညာများ၊ မြန်မာဘာသာစကားနှင့် NLPကို ပေါင်းစပ်အသုံးပြုနိုင်မည့်နည်းလမ်းများ၊ ကွန်ပျူတာက မြန်မာစာနှင့်မြန်မာစကားကို လူသားများကဲ့သို့ စနစ်တကျနားလည်တတ်ကျွမ်းစေရန်အတွက် ချဉ်းကပ်နိုင်မည့် အခွင့်အလမ်းကောင်းများကို ဖော်ထုတ်စဉ်းစားကြရန်လည်း တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်စင်အေးက စီမံကိန်းအလုပ်ရုံဆွေးနွေးပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းဒါရိုက်တာ ဒေါက်တာတင်ဘုန်းကျော်က အလုပ်ရုံဆွေးနွေးပွဲနည်းပညာလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ နည်းပညာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပါမောက္ခချုပ် ဒေါက်တာဝင်းပပက နည်းပညာလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဒေါက်တာနေလင်းက “Principles and Standard of Word Segmentation in Chinese, Japanese & Korean” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာဇော်မင်းခိုင်၊ ဒေါက်တာဆန်းဆုဆုရည်တို့က “Challenges of the Myanmar Language in ASR” ခေါင်းစဉ်ဖြင့်လည်းကောင်းဆွေးနွေးကြပြီး ဒေါက်တာရည်မွန်ရွှေစင်က မြန်မာစာအသုံးပြုထားသည့် NLP လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် Tokenization (Segmentation) နှင့်ပတ်သက်၍ ခွဲရေး/တွဲရေးသတ်မှတ်ထားပြီး နည်းလမ်းများနှင့် ထပ်မံဖြည့်စွက်နိုင်မည့်အချက်များအပေါ် ဆွေးနွေးကြသည်။

ယင်းနောက် အုပ်စုလိုက်ဆွေးနွေးခြင်း၊ အဖွဲ့ခေါင်းဆောင်များက ပြန်လည်ရှင်းလင်းခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့်အတည်ပြုခြင်းများကို ဆက်လက်ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာစာအဖွဲ့ဝင်ဆရာကြီး၊ ဆရာမကြီးများ၊ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဖွဲ့ဝင်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို မတ်လ ၆ ရက်အထိ နှစ်ရက်တာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**


**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## နွေအလှ

❀ ရော်ဝါတွေ မြေအထက်မှာ လ
တော်ရာနေ အခြေမပျက်ပါဘု
လေတစ်ချက်လာက မြူးကြရှာ
(သြော်)
နွေရက်သာစွ ထူးလှတာ။

❀ ရဲနီစွာ လက်ပံပွင့်တွေနှင့်
အမြဲကြည်သာ ငှက်သံဆင့်လျှင်ဖြင့်
အသည်းဆီမှာ ဂယက်ထန်နင့်အောင်ပ
ထူးတင့်သာယာ။

❀ တိမ်ကြည်ပြာ
ထိန်ညီစွာ ဝေပုံဆန်းပါ လို့
စိန်စီကာ ရွှေဂုဏ်လျှမ်းသလိုပ
ရဝေဂုံနန်း မြိုင်တစ်ခွင်ဝယ်
လှိုင်အစဉ်ကြွယ် ပိတောက်မင်းကယ်နှင့်
တစ်ခေါက်ဝင်းလို့ ကံ့ကော်ဖြာကာ
ဝင်းဖန့်ဝါလို့ ငုတွေသင်း။

❀ လေအသုတ်မှာ
ဖွေထုတ်ခါ ပမာသွင်းပါက
ရွှေရုပ်လွှာ ကညာအဆင်းလိုပ
တစ်လွှာချင်းရယ်က စာသမကုန်
ပသာဒဂုဏ် အစုံစုံညှိုးအောင်ဖြင့်
သာလှပုံ အဖုံဖုံမရိုးနိုင်ဘု
ဂုဏ်ဖြိုးသူ အနေခက်အောင်ကွယ်
(နွေသရုပ်ရယ်)
လှရက်လေခြင်း။ ။

**တင်တင်(ပေါက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၃-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၆:၀၀ နိုင်ငံတော်သီချင်း
၂။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ
၆။ ၁၂:၀၀ မြန်မာသံစဉ်ချိုနားဝင်
၇။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၈။ ၁၅:၀၀ ဇာတ်လမ်းတို
၉။ ၁၆:၀၀ စာပေနှင့်အနုပညာသတင်း
၁၀။ ၁၇:၀၀ ကျင့်ကြံပွားများလိုက်နာစရာ (၃၈)ဖြာမင်္ဂလာ
၁၁။ ၁၉:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း ကြယ်နှင့်အတူ အပိုင်း(၁၁) သရုပ်ဆောင်- ခန့်စည်သူ၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ- တင်အောင်စိုး (ပန်းမြို့တော်)


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
THE BEST QUALITY TYRE


ဈေးကောင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ISO 9001:2008 Cert. No.683099
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
MPU
UnionPay
24 ~ (01) 2301421, 2317166
" မှန်သည် မြန်သည် မြဝတီ "
Phone No : (01) 2301367, 2301368, 2301452, 2301378


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန်ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅၀ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မယ်ထော်သလေးနယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ပူးပေါင်းအဖွဲ့များက ဆောင်ရွက်စဉ်။

နေပြည်တော် မတ် ၅

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မယ်ထော်သလေးနယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၀ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့်တာဝန်ရှိသူများက ပြန်လည်လွှဲပြောင်းပေးရန် အသင့်ဖြစ်နေသည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာ ထိန်းသိမ်းထားရှိမှုနှင့် ယနေ့ထပ်မံထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက် ယူနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်းဦးရေ ၄၂၄၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၄၈၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြင်ဦးလွင်မြို့နယ် နောင်လိုင်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# ပြင်ဦးလွင်မြို့နယ်၊ နောင်လိုင်ကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၅

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ နောင်လိုင်ကျေးရွာ၊ နောင်လိုင်ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်နှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွာလယ်ခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁ ပါးနှင့် ဒေသခံပြည်သူ ၁၃၄ ဦးတို့အား ဖျားနာရောဂါ၊ ခွဲစိတ်ရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ကုန်းကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပစ်ခတ်သည့် လက်နက်ကြီးကျည်ထိမှန်ပြီး အမျိုးသား ၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်သတင်းများဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး၊စစ်ကိုင်းမြို့နယ်၊ ညောင်ကုန်းကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပစ်ခတ်သည့် လက်နက်ကြီးကျည်ထိမှန်ပြီး အမျိုးသား ၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ ကျေးရွာများအားအကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်/ကျေးရွာများအား ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့်ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊အထက်ပါသတင်းသည်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ်ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အခြေအမြစ်မရှိသည့်ဓာတ်ပုံများကိုအသုံးပြု၍ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေခြင်းဖြစ်ကြောင်း




သတင်းရရှိသည်။

(၁၀၀)




# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် မတ် ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူ့ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၁၄ ရက်မှ မတ်လ ၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၈ ဒသမ ၆၅၁၀) တန်၊ သစ်မာ (၈ ဒသမ ၁၃၇၈) တန်၊ အခြား (၈၇ ဒသမ ၀၃၁၀) တန်၊ စုစုပေါင်း (၁၀၃ ဒသမ ၈၁၉၈) တန်၊ ယာဉ်/ယန္တရား (၆) စီး၊ တရားခံ (၂၆) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

## ခါတ်မြေသြဇာဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် တင်သွင်းနိုင်ရေးအတွက် ကြေညာခြင်း

၁။ ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏လမ်းညွှန်မှုဖြင့် အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းမှန်ကန်သော ယူရီးယားနှင့် ၁၅ ပတ်လည်ကွန်ပေါင်းခါတ်မြေသြဇာများတင်သွင်းနိုင်ရေးအတွက် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ၊ မေလနှင့် ဇွန်လများအတွက် အဆိုပါခါတ်မြေသြဇာများတင်သွင်းနိုင်ရေးကို ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် ယူရီးယားနှင့် ၁၅ ပတ်လည်ကွန်ပေါင်း ခါတ်မြေသြဇာများ တင်သွင်းလိုသောအသင်းဝင်ကုမ္ပဏီများအနေဖြင့် ဦးဆောင်ကော်မတီနှင့် အသင်း၏အောက်ပါ email များသို့ ပေးပို့၍ ၁၈-၃-၂၀၂၅ ရက်နေ့ထက် နောက်မကျစေဘဲ ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

info@mfspea.com, vicepresident-1@mfspea.com,

vicepresident-2@mfspea.com,

generalsecretary@mfspea.com, ureacommittee@gmail.com

မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

ဖုန်း-၀၉-၉၈၈၅၃၉၃၆၀

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ Polytechnic University(Maubin) တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း Lot(၃)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၆-၃-၂၀၂၅)ရက်နေ့မှ (၁၉-၃-၂၀၂၅) ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများအား(၁၉-၃-၂၀၂၅) ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း- ၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၆-၃-၂၀၂၅ ရက်နေ့မှ စတင်ဝယ်ယူနိုင်ပြီး ၂၂-၃-၂၀၂၅ ရက်နေ့ ၁၆၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို ဇမ္ဗူသီရိမြို့နယ်၊ ရုံးအမှတ်(၄၅)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်၊ ကုမ္ပဏီ Profile နှင့် ဈေးနှုန်းအဆိုပြုလွှာများကိုပါ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဖုန်း ၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ

### ပျောက်ဆုံးကြောင်း
ဝင်းလွင်ဦး(ဘ)ဦးသောင်းရွှေ၇/ညလပ(နိုင်)၁၂၇၉၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၂၉၁၀၁

### ပျောက်ဆုံးကြောင်း
မိချို(ဘ)ဦးရွှေကြူ ၁၂/ကမတ(နိုင်)၀၅၄၈၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၄၈၃၀၉၃

### ပျောက်ဆုံးကြောင်း
မျိုးမင်းနိုင်(ဘ)ဦးသန်းဆွေ ၅/ရဘန(နိုင်)၁၅၄၀၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(932392)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၄၃၂၄၂၁

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၁၆)၊ မလိခလမ်း၊ မြေကွက်အမှတ်(၆၃)နေ ဒေါ်သွယ်သွယ်ဝင်း(၉/မထလ(နိုင်)၀၁၀၄၀၃)ကိုင်ဆောင်သူမှ(အလျား ၄၂'-၀"x အနံ ၃၀'-၀") RC(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### ပျောက်ဆုံးကြောင်း
စစ်တွေမြို့၊ ဓညဝတီရပ်ကွက်နေ အောင်မင်းခိုင်(ဘ)ဦးမောင်စိန်ညွန့် ၁၁/မပန(နိုင်)၁၁၉၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၈၃၇၁၂၁၇

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ နယ်မြေ(၁)၊ နတ်စင်လမ်းနေ၊ ဦးပိုင်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၃/က)နေ၊ ဦးကျော်မြတ်သူ(၉/မလမ(နိုင်)၁၄၄၅၂၇)ကိုင်ဆောင်သူမှ(အလျား ၃၀'-၀"x အနံ ၄၀'-၀") Steel Structure(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### ပျောက်ဆုံးကြောင်း
ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)လမ်းမကြီး၊ အမှတ်(၁၁၂)နေ နန်းတင်မေဦး (ဘ)ဦးသာထွန်း ၁၃/တကန(နိုင်)၁၃၈၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၃၄၁၆၇၂၅

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းနေ၊ ဦးတင်အောင်ဝင်း(၉/မထလ(နိုင်)၁၇၁၁၉၁)ကိုင်ဆောင်သူမှ(အလျား ၁၅'-၀"x အနံ ၄၀'-၀") RC(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### အမည်ပြောင်း
ပြင်ဦးလွင်မြို့နယ်၊ အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်း၊ Grade-4 မှ ဦးရာဇာထွန်း ၈/ဆဖန(နိုင်)၀၅၈၈၀၃ နှင့် ဒေါ်မြတ်ဆုမွန်ကို ၁/မကန(နိုင်)၀၇၉၆၀၉ တို့၏သား မောင်ညီသုခန့်ထွန်း(ခ)မောင်ကောင်းသန်ထွန်း(ခ)မောင်ကောင်းခန့်ကိုအား မောင်ဖြိုးသန်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဖြိုးသန်ထွန်း

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ ကန်နားရပ်၊ ပိတောက်လမ်း၊ ဦးပိုင်အမှတ်(၉၀)၊ မြေကွက်အမှတ်(၁၃/ဃ)နေ၊ ဒေါ်မို့မို့မြင့်(၉/မထလ(နိုင်)၀၆၈၄၃၅)ကိုင်ဆောင်သူမှ(အလျား ၈'-၀"x အနံ ၉'-၀")နံကပ်(၁)ထပ်တိုးချဲ့အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### ပျောက်ဆုံးကြောင်း
အောင်ဆန်းလင်း(ဘ)ဦးလှငြိမ်း ၁၂/အစန(နိုင်)၁၇၄၉၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 552770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၆၆၆၉၂၂

### ပျောက်ဆုံးကြောင်း
ဥမ္မာခင်(ဘ)ဦးခင်မြင့် ၁၂/အစန(နိုင်)၁၇၄၃၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၂၇၆၆၃

### တစ်ဦးတည်းဖြစ်ပါကြောင်း
အခြေခံပညာအထက်တန်းကျောင်း(ယန်းလူး) Grade-9 တွင် ပညာသင်ကြားနေသော အဘ ဦးဇော်ဝင်း ၇/နတလ(နိုင်)၀၀၉၁၈၉ ၏သမီးဖြစ်သူ မဝသုန်ဦး(ခ)မအေးခိုင်ခန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မဝသုန်ဦး(ခ)မအေးခိုင်ခန့်

### ပျောက်ဆုံးကြောင်း
ဦးသင်းမင်းထွေး(ဘ)ဦးတင်စိန် ၇/ရတရ(နိုင်)၀၀၁၅၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၆၂၆၆၄၇၆

### ပျောက်ဆုံးကြောင်း
ဒေါ်မြမြသိန်း(ဘ)ဦးစံသိန်း ၁၀/မဒန(နိုင်)၁၀၆၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မောင်သက်ဇော်နိုင်(ဘ)ဦးဝင်းစိုး ၁၀/မလမ(နိုင်)၂၄၆၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မောင်မင်းသူ(ဘ)ဦးသန်းနိုင် ၁၀/ရမန(နိုင်)၂၅၀၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မောင်အောင်ပြည့်စုံ(ဘ)ဦးသန်းဝင်း ၁၀/ကမရ(နိုင်)၁၇၁၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မချစ်ဇူလိုင်ထိန်း(ဘ)ဦးအယ်ကလူထူး ၁၀/မဒန(နိုင်)၂၆၃၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မချိုချိုသန်း(ဘ)ဦးသိန်းဝင်း ၁၀/မလမ(နိုင်)၁၇၈၃၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
ဇော်ကိုကို(ဘ)ဦးကြည်သိန်း ၁၂/စခန(နိုင်)၀၃၈၇၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(CM 104439)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၈၃၆၆၉

### ပျောက်ဆုံးကြောင်း
နိုင်လင်းထွန်း(ဘ)ဦးကျော်ဇောလင်း ၁၂/အစန(နိုင်)၂၅၀၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 454315)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၅၃၀၈၈၂

### ပျောက်ဆုံးကြောင်း
သဲစုစုအောင်(ဘ)ဦးခင်ဌေး ၉/သစန(နိုင်)၁၇၆၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 111453)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၈၀၉၈၄၇

### ပျောက်ဆုံးကြောင်း
နွယ်နီထွန်း(ဘ)ဦးတင်မြင့် ၉/တသန(နိုင်)၁၄၇၈၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၈၇၆၁၀၅

### ပျောက်ဆုံးကြောင်း
မချွင်ချွင်(ဘ)ဦးလောက်အန်း ၁၃/လရန(နိုင်)၂၂၀၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 256363)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ကျော်ဇင်ထက်(ဘ)ဦးကြည်ဝင်း ၁၁/သတန(နိုင်)၀၆၈၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၉၈၃၅၇၉

### ပျောက်ဆုံးကြောင်း
ဆုချစ်မွန်(ဘ)ဦးအောင်စိုး ၉/မကန(နိုင်)၀၉၂၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 472476)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၀၀၃၄၃၄၆

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။




### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သောအောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ/ပရီမီယံဒီဇယ်ဆီ | ၂၀၀၀၀ ဂါလန်/၅၀၀၀ ဂါလန် |
| (ခ) | ကတ္တရာ/လိပ်သဲကျောက်(၃)မျိုး | ၂၀၀ တန်/၆၀၀ ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆-၃-၂၀၂၅ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၁-၃-၂၀၂၅ ရက်နေ့(၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

#### ပျောက်ဆုံးကြောင်း
ကျော်စိုး(ဘ)ဦးအောင်ကြည် ၁၂/တကန(နိုင်)၀၀၅၁၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(93902)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၉၈၈၄၄

#### ပျောက်ဆုံးကြောင်း
တင်အောင်မိုး(ဘ)ဦးစန်းကြည် ၁၂/ဥကမ(နိုင်)၀၆၀၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၀၅၂၇၂၃၄

#### ပျောက်ဆုံးကြောင်း
သိန်းထွန်းနိုင်(ဘ)ဦးမောင်ကြီး ၈/မတန(နိုင်)၀၉၉၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၄၃၈၄၇၇

#### ပျောက်ဆုံးကြောင်း
ဝင်းသန္တာလှိုင်(ဘ)ဦးစံငြိမ်း ၇/လပတ(နိုင်)၁၆၅၃၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

#### ပျောက်ဆုံးကြောင်း
တင့်ဝေထွန်း(ဘ)ဦးဝင်းထွန်း ၇/ဖမန(နိုင်)၂၄၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

#### ပျောက်ဆုံးကြောင်း
ချောမြင့်မြင့်အောင်(ဘ)ဦးမြင့်အောင် ၁၂/ဒဂမ(နိုင်)၀၁၅၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ၂၀၂၅ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2025) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၅ ခုနှစ် အာဆီယံဆု (ASEAN Prize 2025)ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေးဆောင်ရွက်မှုများ၊
(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ၊

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသောအဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) amns.mofa@gmail.com သို့ **၁၁-၄-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# စစ်တွေမြို့နယ် ခေါင်းဒုက္ကာ(၂) IDP စခန်းမှ မီးဘေးသင့်ပြည်သူများနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီး ဦးစိုးကြည် တွေ့ဆုံ၍ ပစ္စည်းများပေးအပ်

စစ်တွေ မတ် ၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့နယ် ခေါင်းဒုက္ကာ (၂) IDP စခန်းမှ မီးဘေးသင့်ပြည်သူများထံသွားရောက်တွေ့ဆုံ၍ ငွေနှင့်ပစ္စည်းများပေးအပ်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ်ညှိနှိုင်းခန်း၌ စစ်တွေမြို့နယ်ခေါင်းဒုက္ကာ (၂) IDP စခန်းမှမီးဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခေါင်းဒုက္ကာ(၂) IDP စခန်း မီးလောင်ပြင်အား နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ မီးဘေးသင့်ပြည်သူများကို နယ်မြေခံတပ်မတော်သားများက ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများဖြန့်ဝေပေးနေမှုနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေသန့်ဆေးပြားများဖြန့်ဝေပေးနေမှု၊ မီးဘေးသင့်ပြည်သူများအတွက် ယာယီမိုးကာတဲများ ဆောက်လုပ်ပြီးစီး၍ နေရာချထားမှုနှင့် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ယာယီမိုးကာတဲများ ဆက်လက်ဆောက်လုပ်ပေးနေမှု၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဆောင်၍ ဆရာဝန်၊ သူနာပြုများက မီးဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက်စခန်းတာဝန်ခံရုံး၌ မီးဘေးသင့်ပြည်သူများနှင့်တွေ့ဆုံရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေထိုင်စဉ်ကာလအတွင်း အခက်အခဲရှိသော်လည်း တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီပြီး စခန်းအတွင်း သတ်မှတ်ထားသော စည်းကမ်း၊ စည်းမျဉ်းများနှင့်အညီ နေထိုင်သွားကြရန်ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မည့်အစီအစဉ်များ၊ ထိခိုက်လွယ်အုပ်စုများအတွက် ကူညီပေးသွားမည့်အစီအစဉ်များ၊ အဝတ်အထည်နှင့် ဆန်၊ ဆီ၊ ဆားနှင့် ပဲများပေးအပ်သွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆန်၊ စားဆီ၊ ဆားနှင့် ပဲများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက အဝတ်အထည်များ၊ မီးဘေးသင့် ထိခိုက်လွယ်အုပ်စုများအတွက် ငွေကျပ် ၁၂၉၀၀၀၀၀ ကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မီးဘေးသင့်ပြည်သူများ ရေလုံလောက်စွာရရှိနိုင်ရန်အတွက် ဆိုလာစနစ်ဖြင့် ရေတင်နိုင်ရန် ဆိုလာနှင့်ဆိုလာပန့်များ ရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးသည်။

စစ်တွေမြို့နယ် ခေါင်းဒုက္ကာ (၂) IDP စခန်းမှ မီးဘေးသင့်ပြည်သူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာတစ်လစာ ငွေကျပ်၁၉၃၄၁၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ kit ပုံး ၃၁၄ ပုံး၊ Jerry Can ၆၂၈ ခု၊ ASEAN Family Tent ၃၁၄ ခု၊ ဆန်ရိက္ခာခုနစ်ရက်စာအတွက်ငွေကျပ် ၂၅၃၈၀၀၀၀၊ စားအုန်းဆီ ခုနစ်ရက်စာ ၁၁၂ ပိဿာ ၅၀ ကျပ်သား၊ အိမ်သုံးဆား ခုနစ်ရက်စာ ၁၁၂ ပိဿာ ၈၂ ကျပ်သား၊ ကုလားပဲ ခုနစ်ရက်စာ ၇၅၂ ပိဿာ ၁၅ ကျပ်သား၊ ကျား/ မဝတ်အင်္ကျီအထည် ၂၁၀၊ မီးဘေးသင့်ထိခိုက်လွယ်အုပ်စုများအတွက်ငွေကျပ်၁၂၉၀၀၀၀၀ တို့ကို ပေးအပ်ထားပြီးဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့်တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့်တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် မတ် ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညီညီစော၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)တို့

စာမျက်နှာ ၅ ကော်လံ ၁ ❍

